ISP ကပြင်ရပ်ဝန်း

ISP ON POINT

အမှတ်-၁၉၊ ဒီဇင်ဘာ ၅ ရက်၊ ၂၀၂၃ ခုနှစ်

# စစ်ဆင်ရေး ၁၀၂၇

## နိုင်ငံရေးစိတ်ကူးစိတ်သန်းသစ်နှင့် လက်တွေ့ကျသော မဟာဗျူဟာ



စစ်ကိုင်းတိုင်းအတွင်း စစ်ရေးလှုပ်ရှားနေသော ပြည်သူ့လွတ်မြောက်ရေးတပ် (PLA) တပ်ဖွဲ့ဝင်များအား နိုဝင်ဘာ နောက်ဆုံးပတ်အတွင်းက တွေ့ရစဉ်။ (Photo: Reuters)

ညီနောင်မဟာမိတ်သုံးဖွဲ့နဲ့ ပူးပေါင်းတပ်တွေက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှာစတင်ခဲ့တဲ့ **'စစ်ဆင်ရေး ၁၀၂၇'**နဲ့ ပတ်သက်ပြီး ISP-Myanmar ရဲ့ သုတေသနတွေ့ရှိချက်တွေအပေါ် အခြေခံတဲ့ လေ့လာဆန်းစစ်မှုတွေကို ကနဦးသုံးသပ်ချက် (OnPoint) သုံးပုဒ်ရေးသားပြီး ဖော်ပြနေတာပါ။ အခုနောက်ဆုံးတပုဒ်မှာ နိုင်ငံရေးစိတ်ကူးစိတ်သန်းသစ်နဲ့ လက်တွေ့ကျတဲ့ မဟာဗျူဟာကို ဖတ်ရပါမယ်။ ဒီမတိုင်ခင် နိုဝင်ဘာ ၁၀ ရက်က ဖော်ပြခဲ့တဲ့ OnPoint အမှတ်-၁၇ မှာ **စစ်ပွဲက အချက်ပေးနေပုံ (Signaling Effects) တွေ**ကိုဖော်ပြခဲ့ပြီး နိုဝင်ဘာ ၁၂ ရက်မှာ ဖြန့်ချိခဲ့တဲ့ OnPoint အမှတ်-၁၈ မှာတော့ **စစ်ပွဲနဲ့ ခွဲမရအောင်ချိတ်ဆက်နေတဲ့ စီးပွားရေးဆိုင်ရာ အကြောင်းအချက်တွေ၊ တရုတ်နိုင်ငံရဲ့ တုံ့ပြန်ပုံတွေ**ကို ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

## ■ ဖြစ်ရပ်အချက်အလက်

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှာ 'စစ်ဆင်ရေး ၁၀၂၇' ဖော်ဆောင်ပြီးတဲ့နောက် တနိုင်ငံလုံးက ပြည်သူလူထုတရပ်လုံးပါဝင်တဲ့ စစ်ဆင်ရေး (Nationwide Operation) အဖြစ် ကူးပြောင်းပြီး တတိုင်းပြည်လုံးမှာ စစ်အာဏာရှင်ကို ချိန်ကိုက်တော်လှန်ကြဖို့ ညီနောင်မဟာမိတ်သုံးဖွဲ့က နိုဝင်ဘာ ၁၄ ရက်က စလို့ လှုံ့ဆော်ခဲ့ကြပါတယ်။ ကရင်နီဒေသမှာ ကရင်နီတော်လှန်ရေးအင်အားစုတွေက မြို့တော်လွိုင်ကော်အထိ စစ်မျက်နှာဖွင့်ခဲ့ကြသလို၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာလည်း နယ်စပ်ကုန်သွယ်ရေးတွေနဲ့ စီးပွားရေးစီမံကိန်းတွေအရ အချက်အချာကျတဲ့လမ်းကြောင်းတွေ၊ ဂိတ်တွေ၊ မြို့တွေကို ရက္ခိုင့်တပ်တော် (AA)က ထိန်းချုပ်ဖို့ကြိုးစားလာပါတယ်။ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နဲ့ စစ်ကိုင်းအထက်ပိုင်း အပါအဝင် အညာဒေသမှာလည်း တော်လှန်ရေးအင်အားစုတွေဘက်က ထိုးဖောက်တိုက်ပွဲဆင်မှုတွေ ပိုလုပ်လာပြီး စခန်းသိမ်း၊ မြို့သိမ်းတိုက်ပွဲတွေ ဆင်နွှဲနေကြပါတယ်။ စစ်ကောင်စီရဲ့ ယာယီသမ္မတဦးမြင့်ဆွေက "... တိုင်းပြည် အစိတ်စိတ်အမြွှာမြွှာ ကွဲသွားနိုင်ကြောင်း.." နိုဝင်ဘာ ၈ ရက်မှာလုပ်ခဲ့တဲ့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ အစည်းအဝေးမှာ ဆိုပါတယ်။


## ■ ကနဦးသုံးသပ်ချက်

'စစ်ဆင်ရေး ၁၀၂၇'ဟာ မြန်မာ့ပဋိပက္ခကို အခြေအနေသစ်တခုဆီ တွန်းပို့လိုက်ပါပြီ။ နွေဦးတော်လှန်ရေးနောက်ပိုင်း မြန်မာ့နိုင်ငံရေးအဖြေဟာ ၂၀၂၁ ခုနှစ် အာဏာမသိမ်းခင် အခြေအနေမျိုးကို ပြန်သွားနိုင်ရေးဆိုတာမျိုးက မဆီလျော်တော့သလို၊ 'စစ်ဆင်ရေး ၁၀၂၇' ဟာ မြန်မာ့ပဋိပက္ခမြေပုံနဲ့ ပထဝီနိုင်ငံရေးကို ခွဲမရအောင် ပိုမိုရှုပ်ထွေးစွာ ချိတ်ဆက်လိုက်သလို ဖြစ်ခဲ့ပါပြီ။ နိုင်ငံရေးအာဏာစက်အရနဲ့ နယ်မြေစုဖွဲ့မှုအရ လက်ရှိမြန်မာနိုင်ငံရဲ့ တည်ဟန် (extant configuration of political power and territorial integrity of Myanmar polity) ဟာ ပိုနေမြဲကျားနေမြဲ ရှိရင်းစွဲအထိုင်ကို ပြန်လမ်းမရှိကျော်လွန်သွားပါပြီ။ ဒါဟာ ဒီမိုကရေစီ ကျခြင်း၊ မကျခြင်း၊ ဖက်ဒရယ်အာဏာခွဲဝေမှု အနှစ်သာရ ရှိခြင်း၊ မရှိခြင်းတွေနဲ့ သိပ်မဆိုင်လှဘဲ နိုင်ငံတော်အနေနဲ့ သူ့ရဲ့အင်္ဂါရပ်အရ ညီညွတ်တဲ့လုပ်ငန်းဆောင်တာ (Functions) တွေဖြစ်တဲ့ ဥပဒေစိုးမိုးခြင်း၊ စီးပွားကူးသန်းစည်ပင်လို့ အခွန်အတုတ်ရနိုင်ခြင်း၊ ပိုင်နက်နယ်မြေထဲက အရေးအရာတွေမှာ နိုင်ငံရပ်ခြားအစိုးရတွေနဲ့ စာချုပ်စာတမ်းချုပ်ဆို အာမခံနိုင်ခြင်း၊ ရေ၊ မီး၊ ကျန်းမာရေးအပါအဝင် အခြေခံဝန်ဆောင်မှုတွေပေးနိုင်ခြင်း စတာတွေကို ဆောင်ရွက်နိုင်စွမ်းဟာ အာဏာစက်အရရော၊ နယ်မြေလွှမ်းခြုံမှုအရပါ ကျုံ့သွားတာကို ဆိုလိုပါတယ်။ လူသားချင်းစာနာမှုအကျပ်အတည်းက ပိုမိုဆိုးရွားလာပြီး လုံလောက်တဲ့ နိုင်ငံတကာအကူ ▶

# နိုင်ငံအနှံ့ တိုက်ပွဲဖြစ်မှုနှင့် စိုးမိုးလှုပ်ရှားနိုင်ရေးအတွက် အားပြိုင်မှုများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၆ ရက်အထိ)

နိုင်ငံအနှံ့ မြို့နယ်ပေါင်း ၃၃၀ ကျော် ရှိသည့်အနက် အာဏာသိမ်းမှုအလွန် နှစ်နှစ်ခွဲကျော်ကာလအတွင်း မြို့နယ်ပေါင်း **၂၂၁ ခုထက်မနည်း (၆၇ ရာခိုင်နှုန်း)** တွင် တိုက်ပွဲပေါင်း **၁၂,၂၃၈ ကြိမ်ထက်မနည်း** ဖြစ်ပွားခဲ့သည်။ **ကရင်နီဒေသ၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်း**တို့ရှိ မြို့နယ်အားလုံးတွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့ပြီး စစ်ကိုင်းတိုင်းတွင် မြို့နယ် ၃၇ ခု ရှိသည့်အနက် **၃၄ ခု**တွင်လည်းကောင်း၊ မန္တလေးတိုင်းတွင် မြို့နယ် ၂၈ ခုရှိသည့်အနက် **၂၅ ခု**တွင်လည်းကောင်း တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ယခုညွှန်းပြ မြေပုံတွင် စစ်ကောင်စီနှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲဖြစ်မှုများအပြင် အဓိကလမ်းမကြီးများအပေါ် စိုးမိုး၊ လှုပ်ရှားနိုင်ရေးအတွက် အားပြိုင်မှုဆက်စပ် အခြေအနေများကိုလည်း ဖော်ပြထားပါသည်။




ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။

အညီလည်း ရဖွယ်မမြင်သေးပါဘူး။ လူငယ်တော်လှန်ရေးသမားတွေကလည်း စစ်ကောင်စီရဲ့ ဒီအကျပ်အတည်းကို အခွင့်အလမ်းအဖြစ်ဆုပ်ကိုင်ပြီး 'တလှိုင်းပြီး တလှိုင်း' အရှိန်မြှင့်မယ့် လက်နက်ကိုင်တော်လှန်ရေး (Tipping-point Armed Revolution) တရပ်ကို ဆင်နွှဲအောင်မြင်နိုင်မယ်လို့ ပြင်းပြင်းပြပြ ယုံကြည်ထက်သန် အားထုတ်လာကြတာ တွေ့နိုင်ပါတယ်။ အကျပ်အတည်းက ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမလားဆိုတာကတော့ ISP-Myanmar က နိုဝင်ဘာ ၁၀ ရက်မှာ ဖြန့်ချိခဲ့တဲ့ ကနဦးသုံးသပ်ချက် OnPoint အမှတ်-၁၇ မှာ ဆွေးနွေးခဲ့သလိုပါပဲ။ **ဒီစစ်ဆင်ရေးက ပြည်တွင်းက မြန်မာစစ်တပ်အရာရှိတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) နဲ့ တရုတ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံတွေ (တဆင့်ချဲ့ရရင် အနောက်နိုင်ငံကြီးတချို့) ကို ဘယ်လိုအချက်ပေး (Signaling Effects) နေသလဲ** ဆိုတဲ့အပေါ် အဓိက မူတည်နိုင်ပါတယ်။ ကာယကံရှင် လက်နက်ကိုင်အဖွဲ့အသီးသီးနဲ့ သူတို့ကိုထောက်ခံတဲ့ ပြည်တွင်း၊ ပြည်ပ မဟာမိတ်အသီးသီးတို့အနေနဲ့ ဒီပဋိပက္ခရဲ့လေကြောင်းဟာ ဘယ်ဘက်ကို ဦးတည်တိုက်နေသလဲ၊ အရှိန်အဟုန် ဘယ်လောက်ရှိမလဲ (the direction and strength of the conflict's momentum) ဆိုတာကို တွက်ချက်မှုနဲ့ ဝင်ပါမှုတွေပေါ်မှာ မူတည်ပါတယ်။

'စစ်ဆင်ရေး ၁၀၂၇'ရဲ့ လတ်တလောအကျိုးဆက်ကာလမှာ မြန်မာစစ်တပ်ဟာ ပြင်ဆင်မှု၊ ထောက်လှမ်းရေးသတင်းမှန်ရရှိမှု၊ တိုက်ရည်ခိုက်ရည်၊ စိတ်ဓာတ်နဲ့ လူထုထောက်ခံမှုမှာ အကျရှုံးဆုံးအခြေအနေနဲ့ ရင်ဆိုင်နေရတာပါ။ အရှုံးမီးဝိုင်းအခြေအနေအောက်မှာ အင်အားတွေကို ဖြန့်ကြက်ထားရတဲ့ စစ်တပ်ရဲ့ တိုက်ခိုက်ရေးအင်အားအများစုဟာ မုန့်လေပွေလို အဝန့်ကျယ်ပြီး အပြားပါးပါးသာ ရှိတော့တဲ့ ကြွပ်ဆတ်ကျိုးလွယ်အနေအထားမျိုးမှာ

SCAN THIS CODE

စစ်ဆင်ရေး ၁၀၂၇
လမ်းများအားလုံး လောက်ကိုင်သို့လား၊ နေပြည်တော်ဆီလား

ISP On Point အမှတ်-၁၇

SCAN THIS CODE

စစ်ဆင်ရေး ၁၀၂၇
တရုတ်လိုလားသော တည်ငြိမ်မှုမျှခြေနှင့် မမျှော်မှန်းနိုင်သည့်အန္တရာယ်

ISP On Point အမှတ်-၁၈

ရောက်နေပါတယ်။ ISP-Myanmar ရဲ့ သုတေသနတွေ့ရှိချက်အရ **'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်း စစ်ကောင်စီရဲ့ စစ်တိုင်း အနည်းဆုံး ရှစ်ခု၊ ဒကစ အနည်းဆုံး လေးခု၊ တပ်မ အနည်းဆုံး ၁၀ ခုနဲ့ စကခ ကိုးခုဟာ တိုင်းပြည်ရဲ့ ၆၇ ရာခိုင်နှုန်းခန့်ရှိတဲ့ စစ်နယ်မြေ တနံတလျားမှာ ပါဝင်တိုက်ခိုက်နေရပေမဲ့ စစ်ကူပေးအဆင့်အထိတောင် စစ်ဆင်နိုင်မှုမရှိတော့တဲ့ အခြေအနေမျိုး ဖြစ်နေပါတယ်။** မလှုပ်နိုင်အောင် အချုပ်ခံထားရသလိုဖြစ်နေပါတယ်။ ဒီကြားထဲ အာဏာသိမ်းထားတဲ့ အခြေအနေဖြစ်လို့ မြို့ပြတွေမှာ လူထုအုံကြွမှုတွေပေါ်လာရင် နှိမ်နှင်းနိုင်ဖို့ မြို့ကြီးတွေမှာ တပ်နောက်ချန် (အနည်းဆုံး ၂၀,၀၀၀-၂၅,၀၀၀ လောက်၊ ဥပမာ- နေပြည်တော်လို၊ ရန်ကုန်လို မြို့ကြီးတွေကို ရုံထားဖို့ဆိုရင် တမြို့ကို တပ်ရင်းပေါင်း အနည်းဆုံး ၁၅ ရင်း၊ တပ်ရင်း ၂၀ စသဖြင့်) ထားဖို့လိုအပ်ပါသေးတယ်။ တပ်ရင်းတခုရဲ့ ဖွဲ့စည်းပုံအရ အရာရှိ ၅၅-၆၀ ခန့်နဲ့ စစ်သည် ၆၅၀ ခန့်ပေါင်းရင် ၇၂၀-၇၅၀ ခန့်ဖြစ်ပေမဲ့ လက်တွေ့မှာ အင်အား ၃၀၀ ခန့်ရှိတဲ့ တပ်တချို့နဲ့ အင်အား ၂၃၀-၂၅၀ အကြား တပ်တချို့သာရှိပြီး အများစုကတော့ ၁၇၀ လောက်ပဲ ရှိတတ်ကြပါတယ်။ တပ်ရင်းတွေအနေနဲ့ အင်အား ၁၇၀ ခန့်မှာ နောက်ချန်အတွက် ၃၅-၄၀ ခန့်ထားရတာမို့ စစ်တိုက်ဖို့ ၁၃၀ ခန့်သာ ကျန်ပါတယ်။ ဒီအထဲကနေ ကျန်းမာရေး၊ တပ်ပြေး၊ ထောင်ကျတွေထပ်နုတ်ရင် ၂၀-၂၅ ကြား ထပ်လျော့သွားလို့ လူ ၁၁၀ လောက်နဲ့ စစ်ဆင်ရေးထွက်နိုင်ရင်ကို အင်အားအတော်ကောင်းတဲ့တပ်လို့ ဆိုကြပါတယ်။ ကိုးကန့်ဒေသ လောက်ကိုင်မြို့နယ် ညံ့ခွမ်းရွာမှာအခြေစိုက်တဲ့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)ရဲ့ ခြေလျင်တပ်ရင်း ခလရ-၁၂၉ လက်နက်ချတော့ တပ်ရင်းမှာ စစ်သည်ပေါင်း ၁၂၆ ဦးပဲရှိပြီး မိသားစုတွေပါပါမှ ၂၆၂ ဦးသာရှိတာကို တွေ့ရမှာပါ။ (ကုန်းကြမ်းမှာလက်နက်ချတဲ့ ခလရ-၁၂၅ ဖြစ်စဉ်မှာဆို တပ်ရင်းရဲ့စစ်သည် ၉၃ ယောက်ပဲရှိပါတယ်။) ခလရ-၁၂၉ ကို ဥပမာထားကြည့်တဲ့အခါ တပ်ရင်းကနေ စစ်ဆင်ရေးထွက်ချိန် တိုက်ပွဲကျ၊ ထိခိုက်၊ ဖမ်းခံရ၊ တပ်ပြေး စတာတွေက အခု လက်နက်ချခဲ့တဲ့ ၁၂၆ ဦးထဲ မပါသေးဘူးဆိုရင်တောင် အဲဒီအင်အားကို ၄၀-၅၀ ကြားထားရင် တပ်မှာ အလွန်ဆုံး စစ်သည် ၁၇၀ ဝန်းကျင်ရှိတယ်ဆိုတာကို ခန့်မှန်းနိုင်ပါတယ်။ အဲဒီမှာမှ ၃၀-၄၀ ရာခိုင်နှုန်းလောက်က အသက် ၄၀ ကနေ ၅၀ ကျော်သူတွေ၊ ခြင်းကြားကြီးနဲ့ သက်ကြားအိုတွေ ဖြစ်နေကြပါတယ်။ တကယ်တိုက်သူက စစ်သည် ၁၀၀ ဝန်းကျင်လောက်ပဲ ရှိနိုင်ပါတယ်။

'စစ်ဆင်ရေး ၁၀၂၇'မှာ ညီနောင်သုံးဖွဲ့နဲ့အတူ ပါဝင်တိုက်ခိုက်ကြတဲ့ ဗမာပြည်လွတ်မြောက်ရေးတပ်တော် (BPLA)၊ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)၊ PDF (MDY) နဲ့ မိုးကုတ်ဇုံဟာ (PDF) စတဲ့အဖွဲ့တွေရဲ့ အသက် ၂၀ ကျော် ၃၀ ပတ်လည် တပ်ဖွဲ့ဝင် လူငယ်တွေနဲ့ယှဉ်ရင် တိုက်ခိုက်ရဲ၊ သတ်ရဲ၊ သေရဲတဲ့ စစ်သွေးစစ်မာန်ကွာခြားနေတာ သိနိုင်ပါတယ်။ တပ်သားဦးရေအရဆိုရင်လည်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ရဲ့ပြည်သူ့ကာကွယ်ရေးတပ် (PDF)

- တပ်ရင်းတခုမှာ အင်အား ၂၀၀ လောက်ရှိပါတယ်။ ဒါ့အပြင် မြန်မာစစ်တပ်ရဲ့တပ်ရင်းတွေဟာ ဒီအာဏာသိမ်းပြီးနောက်ပိုင်းမှာ စိုးမိုးနယ်မြေမရှိဘဲ နေရာကျုံ့လာတဲ့အခါ စားနပ်ရိက္ခာ အထူးခက်ခဲလာပါတယ်။ နဂိုကတည်းက အောက်ခြေရဲဘော်တွေကို စောင့်ရှောက်မှုနည်း၊ စစ်မြေပြင်လိုအပ်ချက်နဲ့ တိုက်ရိုက်မဆီလျော်တဲ့ လက်နက်ကြီးနဲ့ ကာကွယ်ရေးစနစ်တွေမှာ တိုင်းပြည်ဘဏ္ဍာကို လိုင်ဘောလယ်သုံး၊ ထိပ်ပိုင်းနဲ့ ကြားပွဲစားတွေ ချမ်းသာနေတဲ့ ခြစားမှု အခြေအနေမှာ စစ်သည်တွေဟာ အာဟာရမပြည့်လို့ ရှုံ့နာရှိုက်ကုန်းတွေဖြစ်နေတာ ကြာပါပြီ။ ဒီစစ်ဆင်ရေးကာလမှာ အဖမ်းခံရ ဒါမှမဟုတ် အလံဖြူထောင် လက်နက်ချခဲ့ကြတဲ့ မြန်မာစစ်တပ်စစ်သည်တွေရဲ့ ကျန်းမာရေးအနေအထားကိုကြည့်ရင် အာဟာရ ပြတ်လပ်နေတဲ့ ကာယပုံပန်းကျုံလှီနေတာတွေကို သတိပြုနိုင်ပါတယ်။

## တိုက်ပွဲများဖြစ်ပွားခဲ့သော ၂၂၁ မြို့နယ်၏ ပဋိပက္ခပြင်းထန်သက်ရောက်မှု


ISP-Myanmar က စုစည်းထားသော ဒေတာအချက်အလက်များအရ အာဏာသိမ်းမှုအလွန် သုံးနှစ်နီးပါးကြာလာချိန်တွင် (အနည်းဆုံးတကြိမ်နှင့်အထက် အပြန်အလှန်ပစ်ခတ်) တိုက်ပွဲဖြစ်ပွားခဲ့သော မြို့နယ် ၂၂၁ မြို့နယ် (နိုင်ငံအနှံ့ မြို့နယ်စုစုပေါင်း၏ ၆၇ ရာခိုင်နှုန်း) ရှိလာကြောင်းတွေ့ရှိရသည်။ အဆိုပါ ၂၂၁ မြို့နယ်၏ ပဋိပက္ခပြင်းထန်သက်ရောက်မှု အခြေအနေကိုသိနိုင်ရန် **လုံခြုံရေးဆိုင်ရာအညွှန်းကိန်း** (မြို့နယ်အလိုက် တိုက်ပွဲအကြိမ်အရေအတွက်)၊ **လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း အညွှန်းကိန်း** (မြို့နယ်အလိုက် နေရပ်စွန့်ခွာဒုက္ခသည်အရေအတွက်)၊ **ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ အညွှန်းကိန်း** (မြို့နယ်အလိုက် ရဲစခန်းဖွင့်ခြင်း ရှိ၊ မရှိ၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးများ လည်ပတ်နိုင်ခြင်း ရှိ၊ မရှိ၊ လျှပ်စစ်မီးနှင့်ရေပေးဝေမှု စသော အခြေခံဝန်ဆောင်မှုများ ရှိ၊ မရှိနှင့် အစိုးရဝန်ထမ်းများ လစာ ရ၊ မရ) စသည်တို့အပေါ် အခြေခံ၍ မြို့နယ်တခုချင်းစီအလိုက် ISP-Myanmar က လေ့လာခဲ့ပါသည်။ ထိုသို့ လေ့လာရာတွင် ပဋိပက္ခများ၏ ပြင်းထန်သက်ရောက်မှု မြင့်မား သို့မဟုတ် နည်းပါး စသဖြင့် အဆင့်ခွဲခြား သတ်မှတ်လေ့လာခဲ့ပါသည် **(အညွှန်းကိန်း သတ်မှတ်ခြင်းနည်းနာပိုင်းနှင့် မြို့နယ်တခုချင်းစီ၏ အခြေအနေကို နောက်ဆက်တွဲ အမှတ်-၁ တွင် ကြည့်ရှုနိုင်ပါသည်)**။

ISP-Myanmar ၏ လေ့လာမှုများအရ ၂၂၁ မြို့နယ်အနက် လုံခြုံရေးဆိုင်ရာအညွှန်းကိန်း ပြင်းထန်သက်ရောက်မှု မြင့်မားသော မြို့နယ် **၁၄၁ မြို့နယ်**ရှိပြီး ပြင်းထန်သက်ရောက်မှု နည်းပါးသော မြို့နယ်အရေအတွက် **၈၀** ရှိပါသည်။ ထိုအချက်အပေါ် အခြေခံတွက်ချက်ပါက မြန်မာစစ်တပ်သည် တိုင်းပြည်၏ ၄၃ ရာခိုင်နှုန်းနီးပါးကို ထိထိမိမိ ထိန်းချုပ်နိုင်စွမ်း မရှိတော့သည်ကို ပေါ်လွင်စေပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းအညွှန်းကိန်းအရမူ ပြင်းထန်သက်ရောက်မှု မြင့်မားသော မြို့နယ် **၄၅ မြို့နယ်**ဖြစ်ပြီး ပြင်းထန်သက်ရောက်မှု နည်းပါးသော မြို့နယ် **၉၂ မြို့နယ်** ဖြစ်ပါသည်။ တိုက်ပွဲများ ဖြစ်ပွားနေသော်လည်း အမြဲနေရပ်စွန့်ခွာ ထွက်ပြေးနေရသော ဒုက္ခသည်မရှိသည့် မြို့နယ် **၈၄ မြို့နယ်** ရှိပါသည်။ ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ အညွှန်းကိန်းအရမူ ပြင်းထန်သက်ရောက်မှု မြင့်မားသော မြို့နယ် **၅၇ မြို့နယ်**ရှိပြီး ပြင်းထန်သက်ရောက်မှုနည်းပါးသည့် မြို့နယ် **၁၆၄ မြို့နယ်** ရှိပါသည်။ ယခု လေ့လာတွေ့ရှိချက်များမှာ ကနဦးအချက်အလက်များသာဖြစ်ပြီး ဒေတာအချက်အလက် အထောက်အထားသစ်များ ပေါ်ထွက်လာသည်နှင့် အမျှ ပြန်လည်သုံးသပ် ဖြည့်စွက်မှုများ ပြုလုပ်သွားရန်ရှိပါသည်။


## မြို့နယ် ၂၂၁ မြို့နယ်၏ ပဋိပက္ခပြင်းထန်သက်ရောက်မှုညွှန်းကိန်းများ

အာဏာသိမ်းမှုအလွန် သုံးနှစ်နီးပါးကာလအတွင်း တိုက်ပွဲဖြစ်ပွားခဲ့သော မြို့နယ် ၂၂၁ မြို့နယ် (နိုင်ငံအနှံ့ မြို့နယ်စုစုပေါင်း၏ ၆၇ ရာခိုင်နှုန်း) ရှိပါသည်။ ထိုမြို့နယ်များ၏ ပဋိပက္ခ ပြင်းထန်သက်ရောက်မှု အခြေအနေကို ISP-Myanmar က အညွှန်းကိန်းသုံးခုဖြင့် မြို့နယ်တခုချင်းစီအလိုက် လေ့လာခဲ့ပါသည်။ ကနဦးလေ့လာတွေ့ရှိမှု အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ အညွှန်းကိန်းသတ်မှတ်ခြင်း နည်းနာပိုင်းနှင့် မြို့နယ်တခုချင်းစီ၏ အခြေအနေကို နောက်ဆက်တွဲ-၁ တွင် ကြည့်ရှုနိုင်ပါသည်။


### လုံခြုံရေးဆိုင်ရာအညွှန်းကိန်း




### လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းအညွှန်းကိန်း




### ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ အညွှန်းကိန်း



၂၀၂၁ ခုနှစ် အာဏာမသိမ်းခင်ကတည်းက ကချင်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေမှာ စစ်ပွဲတွေဆက်နေခဲ့တဲ့ တိုက်ခိုက်ရေးတပ်တချို့ဟာ အခုချိန်ထိ ငါးနှစ်ကနေ ခုနှစ်နှစ်လောက်ကြာအောင် အနားမရ၊ မိသားစုနဲ့မတွေ့ရဘဲ စစ်ဆင်ရေးထွက်နေရတာပါ။ အာဏာသိမ်းပြီး နှစ်နှစ်ခွဲကျော်ကာလမှာတော့ လူထုဆန့်ကျင်ရေးတင်မက လက်နက်ကိုင်တပ်ဖွဲ့အသီးသီးရဲ့ တိုက်ခိုက်မှုကြောင့် တပ်ရင်းအပြင်တောင် မထွက်ရဘဲ ထောင်ကျသလိုပဲ ပိတ်မိနေခဲ့ရတာပါ။ ဒါကြောင့် စိတ်ဓာတ်ကျဆင်းလာတဲ့အပြင် ပိုဆိုးတာက ထိခိုက်ဒဏ်ရာရသူတွေကိုတောင် အလျင်မီပြန်မပို့နိုင်၊ သွားမကူနိုင်တော့တာတွေဟာ ဘေးချင်းကပ် ရဲဘော်ရဲဘက်တွေအတွက် စိတ်ထိခိုက်ခြောက်ခြားစရာပါပဲ။ အကျိုးဆက်ကတော့ အမိန့်ပေးသူတွေကို မယုံတော့တဲ့ အထက်အောက်ဆက်ဆံရေး အနေအထားမျိုးကို ဆိုက်လာတာပါ။

လူထုထောက်ခံမှုမရှိတဲ့အတွက် ထောက်လှမ်းရေးသတင်းရရှိမှုနဲ့ မှန်ကန်မှုအားနည်းရုံမက ကိုယ့်ဘက်က သတင်းပေါက်ကြားမှုများတဲ့ အခြေအနေမျိုးကိုလည်း ရင်ဆိုင်နေရပါတယ်။ ဒါ့အပြင် နည်းပညာခေတ်မှာ ပြင်ဆင်မှုညံ့ဖျင်းတာတွေကို သတိပြုမိနိုင်ပါတယ်။ 'စစ်ဆင်ရေး ၁၀၂၇'ရဲ့ တရုတ်ထုတ် ဒရုန်းအသားပြု ဗုံးကြဲတိုက်စစ်မျိုးအတွက် ဒရုန်းကာကွယ်ရေးစနစ် Jammer တွေ မလုံလောက်တာ၊ ညီနောင်မဟာမိတ်တွေက မြန်မာစစ်တပ်ရဲ့လက်ရှိ Jammer စနစ်ကိုကျော်နိုင်တာတွေကြောင့် ဒရုန်းနဲ့ ဗုံးချတဲ့အရေအတွက်နဲ့ ထိရောက်မှုပါ ပြင်းလွန်းပါတယ်။ မုန်းကိုးဗျူဟာက ခြေမြန်တပ်မ အမှတ်-၉၉ တပ်မမှူး ကျဆုံးခဲ့ရတာဟာ ဒရုန်းဗုံးမိုးရွာတဲ့အောက်မှာ ဘန်ကာပြိုလဲလို့ ဖြစ်ရတာလို့သိရပါတယ်။ ဒီလို ပြင်ဆင်မှုတွေမရှိတဲ့အတွက် စစ်စိတ်စစ်သွေးနဲ့ ပြန်ခံချချင်တဲ့ အရာရှိစစ်သားတွေတောင် ရွေးစရာမရှိလို့ လက်နက်ချရတာတွေ ရှိလာပါတယ်။ ဒီလိုအခြေအနေတွေမှာ စစ်တပ်ဟာ သူ့ရဲ့စစ်နည်းဗျူဟာနဲ့ မဟာဗျူဟာကို ဘယ်လိုပြောင်းမလဲ၊ အဖြေရှာနိုင်မလဲ၊ အဖြေရောရှိအုံးမလားဆိုတာ တပ်မှာ တသက်လုံးမကြုံခဲ့ဖူးတဲ့ အကျပ်ဆိုက်အနေအထားကို ရင်ဆိုင်နေရပါပြီ။ ချုပ်ပြောရရင် **'စစ်ဆင်ရေး ၁၀၂၇'ဟာ ဟန်ကိုယ့်ဖို့ ဖုံးကွယ်ထားတာကို ခပ်ဆတ်ဆတ် ဆွဲလှန်လိုက်သလို မြန်မာစစ်တပ်ရဲ့ ရေတို စစ်ရေးအရအကျပ်ဆိုက်မှုကို အရှင်းမြင်သာလာပါတယ်။ တခါ အလယ်အလတ်ကာလကိုကြည့်ရင်လည်း စစ်ကောင်စီဟာ နိုင်ငံရေးမှာလည်း ထွက်ပေါက်မရှာနိုင်**၊ **ကိုယ့်ရှုးကိုယ်ပတ်နေတာ သတိပြုမိနိုင်ပါတယ်။** မြန်မာစစ်တပ်ဟာ အတိတ်ကတော့ အကြမ်းဖက်ချေမှုန်းရေးနဲ့ နိုင်ငံရေးအရလမ်းကြောင်းထွင်ရေးကို တွဲဖက်လုပ်လေ့ရှိပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် အတိုက်အခံနဲ့ နိုင်ငံတကာကအများစု (ကြိုက်ကြိုက်၊ မကြိုက်ကြိုက်) လက်ခံခဲ့ရတဲ့၊ ဒါမှမဟုတ် အတိုက်အခံတွေအကြား၊ နိုင်ငံတကာအကြား သဘောထားကွဲအောင် သွေးခွဲပြီး ပွဲထွက်သွားစေတဲ့ နိုင်ငံရေးထိုးစစ်မျိုး (အစီအမံမျိုး) ဖော်ဆောင်ခဲ့တာကို သမိုင်းအထောက်အထားတွေအရ တွေ့ရပါတယ်။ ဥပမာ- ၁၉၈၈ ရှစ်လေးလုံး

အရေးတော်ပုံကို ရက်ရက်စက်စက်ချေမှုန်းပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်နဲ့ ရွေးကောက်ပွဲလမ်းကြောင်းကို ချပေးခဲ့တာမျိုး၊ ၂၀၀၃ ခုနှစ် ဒီပဲယင်းမှာ ဒေါ်အောင်ဆန်းစုကြည်လိုက်ပါလာတဲ့ယာဉ်တန်းကို တိုက်ခိုက်ပြီး တဖက်မှာ ၂၀၀၄ ခုနှစ် လမ်းပြမြေပုံကို ထွင်ခဲ့တာမျိုး၊ တခါ ၂၀၀၇ ရွှေဝါရောင်လှုပ်ရှားမှုကို ချေမှုန်းအပြီး ၂၀၀၈ အခြေခံဥပဒေကို အတည်ပြုခဲ့တာမျိုး စသဖြင့် သတိပြုနိုင်ပါတယ်။ ဒါပေမဲ့ အခုချိန်ထိတော့ ၂၀၂၁ နွေဦးတော်လှန်ရေးနဲ့ နောက်ဆက်တွဲ 'စစ်ဆင်ရေး ၁၀၂၇'ကို ရက်ရက်စက်စက် ချေမှုန်းနေသလောက် နိုင်ငံရေးလမ်းကြောင်းကို (မချစ်သော်လည်း အောင့်ကာနမ်း) လက်ခံရတဲ့ အခြေအနေမျိုးရောက်အောင်တောင် ဖော်ထုတ်ထွင်တာမျိုး မလုပ်နိုင်သေးပါဘူး။ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ဟာလည်း လုံးလုံးလျားလျား အပိတ်ဖြစ်သွားပါတယ်။ ရွေးကောက်ပွဲဟာ လက်တွေ့လုံခြုံရေးနဲ့ စီမံခန့်ခွဲမှုအခြေအနေအရ မဖြစ်နိုင်သလို လိုအပ်တဲ့ အနိမ့်ဆုံး ကြန်အင်လက္ခဏာအရပါ လက်ခံစရာမရှိပါဘူး။ မှတ်ပုံတင်ဖို့ လျှောက်ထားတဲ့ ပါတီတွေကိုတောင် ပြန်မချပေးသေးတဲ့အခြေအနေမို့ (ရက်ရက်စက်စက် ချေမှုန်းခံထားရတဲ့ လူထုရဲ့ ဒဏ်ရာနာကြည်းမှုနဲ့ ချိန်ကြည့်ရင်) နိုင်ငံရေးလမ်းကြောင်းအဖြစ် ပုံပေါ်လာနိုင်ခြေ ရှိမနေပါဘူး။ စစ်ကောင်စီအနေနဲ့ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှာ သက်တမ်းပဲဆက်တိုးမလား၊ စစ်ကောင်စီကို ဖျက်သိမ်းပြီး အခြားပုံစံတခုနဲ့သွားပြီး (ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ် စတဲ့နည်းတွေအပါအဝင်) ရွေးကောက်ပွဲကို တွန်းလုပ်မယ်ဆိုရင်တောင် လတ်တလော အနာနဲ့ဆေး တည့်ဖွယ်မရှိလောက်တော့ပါဘူး။ ဒါကြောင့် အလယ်အလတ်ကာလမှာ စစ်တပ်အတွင်း အာဏာချိန်ခွင်လျှာ အပြောင်းအလဲဖြစ်လာနိုင်မလား၊ စစ်ကောင်စီရဲ့လမ်းပြမြေပုံ ပြောင်းသွားနိုင်လားဆိုတာ မျက်ကွယ်ပြုလို့မရတဲ့ မေးခွန်းဖြစ်လာပါတယ်။

ညီနောင်သုံးဖွဲ့နဲ့ မဟာမိတ်တွေရဲ့ 'စစ်ဆင်ရေး ၁၀၂၇'ကို ကြည့်ရင်လည်း ရေတိုကာလမှာ ကိုးကန့်ဒေသ လောက်ကိုင်နဲ့ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ထိန်းချုပ်ဒေသနဲ့ စိုးမိုးဒေသ ချဲ့ထွင်ရေးဆိုတဲ့ အကန့်အသတ်နဲ့ စစ်ဆင်ရေးမျိုးဖြစ်ပြီး တတိုင်းပြည်လုံးမှာ ချိန်ကိုက်တော်လှန်ကြဖို့ လှုံ့ဆော်ထားတာကလည်း အခုချိန်အထိတော့ မြန်မာစစ်တပ်ကို စစ်မျက်နှာအများအပြားဖွင့်နေရအောင်၊ ကိုယ့်တိုင်းရင်းသားနယ်မြေမှာ မြန်မာစစ်တပ်ရဲ့တန်ပြန်ထိုးစစ် ဖိအားလျော့အောင်သာ ဗျူဟာဆင်တဲ့သဘောမျိုး ပိုဆန်နေပါသေးတယ်။ **စောင့်ကြည့်သင့်တဲ့ ဖြစ်ထွန်းမှုတခုကတော့ 'စစ်ဆင်ရေး ၁၀၂၇' စကတည်းက မြန်မာစစ်စခန်းတွေဆီကနေ ညီနောင်သုံးဖွဲ့ သိမ်းဆည်းရမိတဲ့ လက်နက်ကြီးတွေနဲ့ ကျည်အရေအတွက်က လောက်ကိုင်၊ သိန္နီတင်မက လားရှိုး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုပါ ကောင်းကောင်း ခြိမ်းခြောက်နိုင်လောက်တဲ့အနေအထားရှိနေပြီလား ဆိုတာပါပဲ။** သိမ်းဆည်းမိတဲ့ လက်နက်ကြီးတွေထဲမှာ အစ္စရေးကနေ ရထားတဲ့ Soltam M-71 လို၊ ရုရှားကနေ ရထားတဲ့ D-30 လို၊ ဆွီဒင်ထုတ် Carl Gustaf

- 84 mm recoilless rifle၊ အမေရိကန်ပြည်ထောင်စုကနေ ရထားဖူးတဲ့ 75mm recoilless rifle တွေဟာ ထိရောက်မှုကောင်းတဲ့ လက်နက်တွေပဲဖြစ်ပါတယ်။ အလားတူပဲ ၆၀/၈၁/၁၂၀ မမ ဗုံးသီးတွေက ဒရုန်းမှာပြန်ချိတ်လို့ရသလို၊ ၁၂၂ မမ နဲ့ ၁၀၅/၁၃၀ အမြောက်ကျည်တွေက အဝေးကိုပစ်လို့ရပါတယ်။ ဒါ့အပြင် ဓာတ်ပုံအထောက်အထားတွေအရ M20 75 mm၊ Browning .50 BMG အလက် ၃၀ ခန့် ရထားတာဖြစ်လို့ MI 17/35 တိုက်ခိုက်ရေးရဟတ်ယာဉ်တွေကို ကောင်းကောင်းခြိမ်းခြောက်လို့ရနိုင်ပါတယ်။ ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ)ထုတ် တင့်ကားဖျက်လက်နက် ၈၁ မမတွေနဲ့ ကျည်ထောင်ချီရထားတာ သတိပြုမိနိုင်ပါတယ်။


အကြောင်းအမျိုးမျိုးကြောင့် စစ်ကောင်စီကို အပြုတ်တိုက်မယ့် **အဆုံးသတ်စစ်ပွဲ (Total War) ကို မသွားသေးဘူးဆိုရင်တောင်မှ မြောက်ပိုင်းမဟာမိတ်အဖွဲ့ကြီးဖြစ်တဲ့ ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးရေးညှိနှိုင်းမှုကော်မတီ (FPNCC) အတွင်း အာဏာချိန်ခွင်လျှာ အပြောင်းအလဲတော့ ရှိလာနိုင်ပါတယ်။** ညီနောင်သုံးဖွဲ့အနေနဲ့ ရှမ်းမြောက်ဒေသတွင်းမှာ အနိမ့်ဆုံးအားဖြင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ကို တန်းညှိနိုင်တဲ့အဆင့် ရောက်ပြီလို့ ယူဆလာနိုင်ကြသလို ရှမ်းလက်နက်ကိုင်တွေကတော့ နယ်မြေ၊ အာဏာ၊ စီးပွားရေးသြဇာစက်ကွင်း အားနည်းသွားမှာ သေချာပါတယ်။ သက်တမ်းရင့် ကချင်၊ 'ဝ'နဲ့ ရှမ်းလိုအဖွဲ့တွေအစား ခြေသွက်လက်သွက် ညီနောင်သုံးဖွဲ့က စိုးမိုးနယ်မြေ၊ ထိန်းချုပ်နယ်မြေပိုချဲ့နိုင်ပြီး အခွန်အတုတ်ကစလို့ နယ်စပ်စီးပွားရေးမှာ အရေးပါလာ၊ ဝင်ငွေပိုကောင်းလာပြီး မင်းပျိုမင်းလွင်တွေသဖွယ် နိုင်ငံရေးသြဇာ ပိုကြီးလာမယ့်သဘော ဖြစ်နိုင်ပါတယ်။

ကရင်နီ၊ ချင်း၊ ကရင်၊ ကချင် EAOs တွေကလည်း သူ့ ဆိုင်ရာဒေသတွေမှာ နယ်မြေချဲ့ထွင်စစ်ပွဲတွေ၊ အရေးပါတဲ့မြို့တချို့နဲ့ နယ်စပ်စီးပွားရေးဂိတ်၊ စီးပွားရေးလမ်းကြောင်းတွေကို ထိန်းချုပ်နိုင်ရေး၊ သက်ဆိုင်ရာ EAOs တွေက သတ်မှတ်ထားတဲ့နယ်မြေထဲကို အခြားလက်နက်ကိုင်တပ်တွေ ဝင်မလာနိုင်ဖို့ ထိန်းထားရေးကို ဦးစားပေးဆောင်ရွက်မယ်လို့ ခန့်မှန်းရပါတယ်။ ရှမ်းလက်နက်ကိုင်တွေအကြားမှာလည်းသျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နဲ့ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှစ်ဖွဲ့အကြား အပစ်အခတ်ရပ်စဲတာ၊ ပြန်စုစည်းတာတွေ၊ ကျန်နီးစပ်ရာ EAOs တွေနဲ့ ပေါင်းစပ်ပြင်ဆင်တာတွေ ပိုတွေ့ရနိုင်ပါတယ်။ နွေဦးတော်လှန်ရေးနဲ့အတူ ပေါ်ပေါက်လာတဲ့ အမြစ်မြေလှန် တော်လှန်ရေးသမား (အထူးသဖြင့် ဗမာလူငယ်)တွေ၊ အဖွဲ့အစည်းတွေကတော့ (၁) တိုင်းရင်းသားတွေအားလုံး ကိုယ့်နယ်မြေ ကိုယ်လွတ်မြောက်အောင်လုပ်ကြပါ၊ ပြန်သိမ်းပိုက်ကြပါ၊ (၂) ပြီးမှ ပြည်ထောင်စုကြီးကို တန်းတူရည်တူပြန်ပေါင်းစည်းကြမယ်၊ (၃) မပေါင်းစည်းချင်တဲ့ တိုင်းရင်းသားတွေလည်း ခွဲထွက်ကြပါလို့ တိုက်တွန်းမျှော်ရည်ပြီး သူတို့စွမ်းသမျှ ပါဝင်တော်လှန်နေကြပါတယ်။

# လောက်ကိုင်မြို့ကို သိမ်းယူရန်သာ ကျန်ရှိ

(၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ)

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် မြောက်ပိုင်း ညီနောင်မဟာမိတ်သုံးဖွဲ့နှင့် ပူးပေါင်းတပ်များက 'စစ်ဆင်ရေး ၁၀၂၇'ကို စတင်ခဲ့ပြီး ချင်းရွှေဟော်အပါအဝင် တရုတ်-မြန်မာနယ်စပ်ရှိ မြို့လေးမြို့နှင့် သိန္နီမြို့ကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ ထို့အပြင် ချင်းရွှေဟော်၊ မုန်းကိုး၊ ပန်ဆိုင်းနှင့် ကျင်စန်းကျော့ရှိ နယ်စပ်ဂိတ်လေးခုကိုလည်း သိမ်းပိုက်ထားသည်။ နိုဝင်ဘာ ၂၈ ရက်အထိ အချက်အလက်များအရ စစ်ရေးအရအချက်အခြာကျသည့် ဗျူဟာကုန်းများ၊ အခြေစိုက်စခန်းကြီးများ၊ ကာကင်းများနှင့် ရှေ့တန်းတပ်စခန်း ၁၇၉ ခုခန့်အပြင် ရဲစခန်း အနည်းဆုံးခုနစ်ခုကို သိမ်းပိုက်ခဲ့သည်။ နိုဝင်ဘာ ၂၈ ရက်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်လက်အောက်ခံ ခလရ-၁၂၅ လက်နက်ချခဲ့ခြင်းကြောင့် ရဟတ်ယာဉ်ကွင်းအပါအဝင် ကုန်းကြမ်းမြို့နယ်ရှိ အခိုင်အမာတည်ဆောက်ထားသည့် အကြီးဆုံးတပ်စခန်းအပါအဝင် စခန်းကုန်းအားလုံးကို သိမ်းပိုက်နိုင်ခဲ့သည်။ လက်ရှိအချိန်တွင် စစ်ဆင်ရေးဦးတည်ရာတခုဖြစ်သော လောက်ကိုင်မြို့ကို MNDAA တပ်များက သိမ်းယူရန်သာ ကျန်ရှိတော့သည်။





ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ စခန်းတည်နေရာများနှင့် လှုပ်ရှားထိန်းချုပ်ဇရိယာများသည် မြေပြင်အခြေအနေနှင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

# ရခိုင်မြောက်ပိုင်း ကုလားတန်မြစ်ကြောင်းစီမံကိန်းတဝိုက် တိုက်ပွဲများပိုဖြစ်ခဲ့

(၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ)

'စစ်ဆင်ရေး ၁၀၂၇' စတင်ပြီးနောက်ပိုင်း ရခိုင်ပြည်နယ်တွင်လည်းတိုက်ပွဲများ ပြန်ဖြစ်ခဲ့ပြီး စစ်ကောင်စီတပ်စခန်းပေါင်း **၄၆ ခုထက်မနည်း**ကို ရက္ခိုင့်တပ်တော်(AA)က သိမ်းယူခဲ့သည်။ ထိုအထဲမှ စခန်း ၄၀ နီးပါးသည် စစ်ကောင်စီက စွန့်ခွာသွားသဖြင့် အလွယ်တကူ သိမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ 'စစ်ဆင်ရေး ၁၀၂၇' စတင်ပြီးနောက် ရခိုင် ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများသည် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများနှင့် အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြစ်သော အိန္ဒိယ-မြန်မာ ကုလားတန်မြစ်ကြောင်းစီမံကိန်းဒေသများတဝိုက်တွင် ပိုဖြစ်ခဲ့သည်။ ရခိုင်ပြည်နယ်တောင်ပိုင်းဒေသများနှင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြစ်သော တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းတလျှောက်ဒေသများတွင်မူ ရက္ခိုင့်တပ်တော် (AA) ၏ စခန်းသိမ်းတိုက်ပွဲများမရှိခဲ့ဘဲ စစ်ကောင်စီ၏ တပ်စခန်းစွန့်ခွာမှုများသာ ပိုများခဲ့သည်ကို တွေ့ရှိရသည်။





ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ စခန်းတည်နေရာများနှင့် လှုပ်ရှားထိန်းချုပ်ဧရိယာများသည် မြေပြင်အခြေအနေနှင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

## ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတွင် မြို့ပေါင်း ၁၀ မြို့ကို သိမ်းယူခဲ့

(၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ)

'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်း ချင်းပြည်နယ်အတွင်း တိုက်ပွဲပေါင်း **၂၈ ကြိမ်ထက်မနည်း** ဖြစ်ပွားခဲ့ပြီး ဒေသခံကာကွယ်ရေးပူးပေါင်းတပ်များက **မြို့ ခုနစ်မြို့ထက်မနည်း**ကို သိမ်းထားနိုင်ခဲ့သည်။ စစ်ကိုင်းတိုင်းအတွင်းတွင်လည်း တိုက်ပွဲပေါင်း **၁၁၉ ကြိမ်ထက်မနည်း** ဖြစ်ပွားခဲ့ပြီး ဒေသခံကာကွယ်ရေးပူးပေါင်းတပ်များက **မြို့သုံးမြို့**ကို သိမ်းယူနိုင်ခဲ့သည်။ ထို့အပြင် စစ်ကိုင်းတိုင်းတွင် စစ်ကောင်စီတပ်စခန်းပေါင်း **၃၀ ထက်မနည်း**၊ ချင်းပြည်နယ်တွင် စစ်ကောင်စီတပ်စခန်းပေါင်း **ငါးခုထက်မနည်း**ကို ဒေသခံ ကာကွယ်ရေး တပ်ဖွဲ့များက သိမ်းယူနိုင်ခဲ့သည်။





ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ စခန်းတည်နေရာများနှင့် လှုပ်ရှားထိန်းချုပ်ဧရိယာများသည် မြေပြင်အခြေအနေနှင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

# ကရင်နီတော်လှန်ရေးတပ်များက လွိုင်ကော်ကို သိမ်းယူရန်ကြိုးပမ်း

(၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ)

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှစ၍ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) နှင့် ပူးပေါင်းတပ်ဖွဲ့များက 'စစ်ဆင်ရေး ၁၁၁၁' ကို စတင်ခဲ့ကြသည်။ စစ်ဆင်ရေးကာလအတွင်း တိုက်ပွဲပေါင်း **အကြိမ် ၅၀ ထက်မနည်း** ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီ တပ်စခန်းပေါင်း ၁၅ ခုထက်မနည်း တိုက်ခိုက်ခံရသည်။ ထို့အပြင် နန်းမယ်ခုံမြို့ကို သိမ်းယူခဲ့ပြီး လွိုင်ကော်မြို့အား သိမ်းယူအခြေချနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ရှမ်း-ကရင်နီနယ်စပ်ဒေသအတွင်း တိုက်ပွဲများ ပိုမိုပြင်းထန်ခဲ့ပြီး ဖယ်ခုံမြို့နယ်တွင် တိုက်ပွဲပေါင်း **၁၂ ကြိမ်ထက်မနည်း** ဖြစ်ပွားခဲ့သည်။




ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ စခန်းတည်နေရာများနှင့် လှုပ်ရှားထိန်းချုပ်ဧရိယာများသည် မြေပြင်အခြေအနေနှင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

'စစ်ဆင်ရေး ၁၀၂၇'မှာ အမြစ်မြေလှန်တော်လှန်ရေး အင်အားစုတွေရဲ့ ပါဝင်မှုကတော့ စစ်ဆင်ရေးအတွက် လူအား၊ လူထုထောက်ခံမှု ပံ့ပိုးအားနဲ့ စိတ်ဓာတ်ခွန်အားတွေမှာ (operational level and mobilization of political legitimacy narrative and energies) အဓိကကျေးဇူးပြုတာဖြစ်ပြီး မဟာဗျူဟာ၊ စစ်ရေးဦးတည်ချက်နဲ့ နိုင်ငံရေးပန်းတိုင်မှာ အခုချိန်အထိတော့ ဓာတ်ပို့အဆင့်မျှသာဖြစ်ပုံရပါတယ်။ ဒီအမြစ်မြေလှန်တော်လှန်ရေးအင်အားစုတွေရဲ့ နိုင်ငံရေးအရထောက်ခံမှုက ညီနောင်သုံးဖွဲ့အတွက် အထူးအရေးပါပါတယ်။ ဒီလိုနိုင်ငံရေးအရ နွေဦးတော်လှန်ရေးနဲ့ ချိတ်ဆက်မထားနိုင်ဘူးဆိုရင် အများပြည်သူထင်မြင်ချက်မှာ EAOs တွေ နယ်မြေပြန်သိမ်းပိုက်ရေး၊ ချဲ့ထွင်ရေး စစ်ပွဲဆင်နွှဲတာပဲလို့မြင်ပြီး (သက်ဆိုင်ရာလူမျိုးစု ထောက်ခံမှုရနိုင်ပေမဲ့) တတိုင်းပြည်လုံးရဲ့ထောက်ခံမှုကို အခုလောက်ရဖို့ မလွယ်ပါဘူး။ နိုင်ငံတကာအမြင်မှာလည်း လူမျိုးစုခွဲထွက်ရေးဘက်၊ ကိုယ့်မင်းကိုယ်ချင်းလမ်းစဉ် (Sessionism or Irredentism) ဘက် တိမ်းညွတ်တယ်ဆိုပြီး အပြုသဘောဆောင်လက်ခံဖို့ ခက်ခဲနိုင်ပါတယ်။ ဒါကြောင့် **ရေတိုနဲ့ အလယ်အလတ်ကာလမှာတော့ 'စစ်ဆင်ရေး ၁၀၂၇' ကို ဦးဆောင်တဲ့ ညီနောင်အဖွဲ့တွေနဲ့ အမြစ်မြေလှန် ဗမာတော်လှန်ရေးသမားတွေအကြား အပြန်အလှန်ထောက်ခံမှုဟာ အကျိုးစီးပွားအရ ဆုံချက်ကျနေနိုင်ပါတယ်။ အမြစ်မြေလှန်တော်လှန်ရေးအင်အားစုတွေဘက်မှာလည်း စစ်ကောင်စီကို တော်လှန်ဖြိုချဖို့ (Revolutionary Overthrow)၊ အဆုံးသတ်စစ်ပွဲ (Total War) ဆင်နွှဲအောင်မြင်ဖို့ဆိုတာ (၁) အုပ်စိုးသူစစ်တပ်အတွင်း ထိပ်ပိုင်းအဆင့်အရေးပါတဲ့ပြိုကွဲမှု (ဝါ )တန်ပြန်အာဏာသိမ်းမှု (ဝါ )ဘက်ပြောင်းမှုတွေ ဖြစ်မလာဘူးဆိုရင်၊ (၂) အဓိကတိုင်းရင်းသားလက်နက်ကိုင် EAOs တွေအကြား မဟာဗျူဟာမြောက် စစ်ရေးမဟာမိတ်ဖွဲ့ တိုက်ပွဲဝင်မှုမျိုး မလုပ်နိုင်ဘူးဆိုရင်၊ (၃) နိုင်ငံခြားက တိုင်းပြည်ဖြစ်စေ၊ အစုအဖွဲ့ဖြစ်စေ ထိထိရောက်ရောက် အင်အားသုံးစွက်ဖက်ပြီး စစ်တပ်ကို ဖိအားမပေးနိုင်ဘူးဆိုရင်၊ အခုဖော်ပြပါသုံးချက်အနက် နှစ်ချက်ဖြစ်စေ၊ သုံးချက်လုံးဖြစ်စေ ရှိမနေရင် စိန်ခေါ်မှုတွေ များနိုင်ပါတယ်။ တခါ တော်လှန်ဖြိုချ (Revolutionary Overthrow) ဖြစ်ခဲ့ရင်တောင်မှ စိတ်ချရလောက်တဲ့၊ တော်လှန်တဲ့ပြောင်းလဲတိုးတက်မှုကြီး (Revolutionary Transformation) ဖြစ်ဖို့ကလည်း အထူးခက်ခဲမှာဖြစ်ပါတယ်။** ၂၀ ရာစုအဆန်းပိုင်းနဲ့ အလယ်ပိုင်းတွေမှာ တောက်လျှောက်ဖြစ်ခဲ့တဲ့ ရုရှား၊ တရုတ်၊ ကျူးဘားနဲ့ အီရန် စတဲ့ လူမှုတော်လှန်ရေးကြီးတွေကနေ အရောင်သင်္ကေတတော်လှန်ရေးနဲ့ အာရပ်ကမ္ဘာက နွေဦးတော်လှန်ရေးအထိ သမိုင်းအတွေ့ အကြုံကို နှိုင်းယှဉ်လေ့လာမှုအရကြည့်ရရင် ဖြုတ်ချတဲ့အဆင့်ကို အောင်မြင်ရင်တောင် ပြောင်းလဲတိုးတက်မှု (Transformation) မှာ ခက်ခဲပြီး နောက်ပြန်လန်ကျတတ်ပါတယ်။ လက်နက်ကိုင်တပ်တွေများတဲ့ တိုင်းပြည်၊ ဆင်းရဲမွဲတေမှုမြင့်မားတဲ့ တိုင်းပြည်၊ ခေတ်သစ်နိုင်ငံတော်ကြန်အင်နဲ့ ပြည့်စုံတဲ့ ပြည်ထောင်စု တည်ဆောက်ရေး မလုပ်ဖူးသေးတဲ့တိုင်းပြည်ဆိုရင် ပိုခက်ခဲတတ်ပါတယ်။

ဒီ 'စစ်ဆင်ရေး ၁၀၂၇'မှာ သတိထားမိစရာတခုက "ကိုးကန့်ညီအကိုတွေရဲ့ အိမ်ပြန်ခရီး"ဆိုတဲ့ နိုင်ငံရေးဇာတ်ပြောပါပဲ။ **'အိမ်'ဆိုတာ အမေ့အိမ်၊ ဇာတိချက်ကြွေစတဲ့ ခံစားနုနယ် အလွမ်းသယ်ဆိုရင် ပြဿနာမရှိ၊ နှစ်လိုဖွယ်အတိဖြစ်ပေမဲ့ 'အိမ်'ဆိုတာကို မျိုးနွယ်စုအရ၊ လူမျိုးရေးအရ 'ငါတို့အိမ်'** (Exclusive nationalistic conception of home) **ဆိုပြီး သတ်မှတ်မယ်၊ အဲဒီအိမ်ပြန်တဲ့ခရီး** (Homecoming) **အဖြစ် ခံယူမယ်ဆိုရင် လောင်စာမီးမွှေးမိသလို ဖြစ်နိုင်ပါတယ်။** ဥပမာ- ကွတ်ခိုင်မြို့မှာမွေးလို့ ကွတ်ခိုင်သားက အမေ့အိမ်ပြန်ချင်တယ်ဆိုတာ နှစ်လိုစရာဖြစ်ပေမဲ့ ကွတ်ခိုင်ဟာ ပလောင်လူမျိုးပိုင်တဲ့မြေ၊ ရှမ်းလူမျိုးပိုင်တဲ့မြေ၊ ကချင်နယ်မြေစတဲ့ လူမျိုးအပေါ်အခြေခံတဲ့ 'အိမ်'လို့ သတ်မှတ်မယ်၊ သိမ်းပိုက်မယ်ဆိုရင်တော့ မျိုးနွယ်စုအခြေခံပဋိပက္ခ (Tribalistic Conflicts) တွေကို မီးမွှေးသလို ဖြစ်သွားနိုင်ပါတယ်။ လူမျိုးပေါ်အခြေခံပြီး 'အိမ်'ကို သတ်မှတ်မယ်ဆိုရင် ဘယ်လူမျိုးက အိမ်ရှင်၊ ဘယ်လူမျိုးတွေက ဧည့်သည်ဆိုတဲ့ ခွဲခြားမှုရှိလာမှာပါ။ အိမ်ရှင်ရဲ့ ဧည့်ဝတ်ပျူငှာမှုဆိုတာ အချိန်ကာလနဲ့ ရက်ရောမှု အကန့်အသတ်အရသာဖြစ်နိုင်ပြီး၊ "အိမ်ရှင်ကို ဧည့်သည်မစော်ကားနဲ့"၊ "အိမ်ဦးခန်း တက်မထိုင်နဲ့" စသဖြင့် အယူအဆတွေကို ဖြစ်စေနိုင်ပါတယ်။ အမျိုးဘာသာသာသနာစောင့်ရှောက်ရေး (မဘသ) ဗုဒ္ဓဘာသာ အမျိုးသားရေးအင်အားစုတွေ ပြောခဲ့ကြသလို "ဗုဒ္ဓဘာသာက အိမ်ရှင်၊ ကျန်ဘာသာဝင်တွေက ဧည့်သည်"ဆိုတဲ့ ခွဲခြားမှုမျိုးတွေ ရှောင်လွဲမရဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားတွေ ကိုယ့်နယ်မြေကိုယ်ပြန်သိမ်းကြပါဆိုတာ အပြောလွယ်သလောက် မြေပြင်မှာခက်ခဲနိုင်ပါတယ်။

အများပြည်သူသိဖို့ ဖြန့်ချိနေတဲ့ ထုတ်ပြန်ချက်တွေအပေါ် အခြေခံကြည့်မယ်ဆို ညီနောင်သုံးဖွဲ့ရဲ့ နိုင်ငံရေးဦးတည်ချက်ဟာ မသဲကွဲလှပါဘူး။ MNDAA ရဲ့ အောက်တိုဘာ ၂၇ ရက်နေ့ထုတ် ပြည်သူတရပ်လုံးအတွက်အိတ်ဖွင့်စာမှာ 'စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေး၊ အမျိုးသားတန်းတူရေး၊ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးတို့အတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်'လို့ ဖော်ပြထားပေမဲ့ ညီနောင်သုံးဖွဲ့စလုံးဟာ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)နဲ့ ကရင်၊ ကရင်နီ၊ ချင်း စတဲ့ EAOs တချို့ ပူးပေါင်းရေးဆွဲလက်ခံထားတဲ့ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (Federal Democracy Charter) ကို ကတိကဝတ်ပြုထားတာ မရှိပါဘူး။ အဲဒီအိတ်ဖွင့်စာမှာပဲ "စစ်ကောင်စီမှ စစ်အာဏာသိမ်းပြီးသော နောက်ပိုင်းတွင် မိမိတို့နိုင်ငံသည် အစိုးရမရှိသော နိုင်ငံတခုအဖြစ်သို့ ရောက်ရှိလာခဲ့ပြီး..." လို့တောင် သူတို့မြင်တဲ့ နိုင်ငံရေးအခြေအနေကို ခပ်ရှင်းရှင်းရေးထားတာ တွေ့ရပါတယ်။ **'စစ်ဆင်ရေး ၁၀၂၇'အတွက် ညီနောင်မဟာမိတ်သုံးဖွဲ့က ပူးတွဲထုတ်ပြန်ခဲ့တဲ့ ကြေညာချက်ကိုကြည့်ရင်လည်း 'ဖက်ဒရယ် ဒီမိုကရေစီ'ဆိုတဲ့ စကားရပ်ကို သုံးစွဲထားတာ မမြင်ပါဘူး။ ဒီအချက်ဟာ**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအနိုင်ရပြီး နောက်ပိုင်း အစိုးရဖွဲ့ရေးနဲ့ စပ်လျဉ်းလို့ ညီနောင်သုံးဖွဲ့က ပူးတွဲထုတ်ပြန်ခဲ့တဲ့ ကြေညာချက်မှာ ပါရှိခဲ့သလို 'ဖက်ဒရယ်ပြည်ထောင်စုဒီမိုကရေစီနိုင်ငံတရပ် အောင်မြင်စွာ ထူထောင်နိုင်ရန်အတွက်' ဆိုတဲ့ နိုင်ငံရေးဦးတည်ချက်နဲ့ မတူညီတော့တာ သတိပြုနိုင်ပါတယ်။** အဲဒီအစား 'ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်နိုင်ရေး၊ မိမိကိုယ်မိမိ ခုခံကာကွယ်ရေး၊ မိမိတို့ဒေသကို မိမိတို့ ယခုထက် ပိုမိုထိန်းချုပ်နိုင်ရေး၊ မိမိတို့အဖွဲ့အစည်းများအပေါ် စစ်ကောင်စီမှ လေကြောင်း၊ လက်နက်ကြီးများဖြင့် နေ့၊ ည အချိန်မရွေး ပစ်ခတ်တိုက်ခိုက်နေမှုများအပေါ် ဟန့်တားမှုရရှိနိုင်ရေး၊ မြန်မာပြည်သူတရပ်လုံး၏ လိုလားချက်ဖြစ်သော စစ်အာဏာရှင်စနစ် အမြစ်ပြတ်ရေး...'လို့ပဲ ဖော်ပြခဲ့တာ တွေ့ရှိရပါတယ်။ ဒါကလည်း ရက္ခိုင့်တပ်တော် (AA) က အတိအလင်းပြောနေတဲ့ ကွန်ဖက်ဒရေးရှင်းပဲ လိုလားတယ်ဆိုတဲ့ သဘောထားနဲ့ ကိုက်ညီပါတယ်။ ဒီညီနောင်သုံးဖွဲ့ရဲ့ ချဉ်းကပ်ပုံနဲ့ လုပ်ဟန်ကိုကြည့်ရင် နိုင်ငံရေးဓလေ့မှာ အရှေ့မြောက်ဆန် (လက်တွေ့ကျ)ပြီး NUCC လို တပ်ပေါင်းစုတွေမှာတွေ့ရလေ့ရှိတဲ့ နိုင်ငံရေးပလိဗောဓများပြီး မဟာဗျူဟာအပတ်မလည် (Over-politicized and Under-strategized) တာမျိုးကို ရှောင်ကြဉ်လိုဟန် ရှိပါတယ်။

## ■ ဖြစ်တန်ခြေအကဲဖြတ်ချက်

ညီနောင်သုံးဖွဲ့အနေနဲ့ ကျေနပ်လောက်ဖွယ် နယ်မြေသိမ်းပိုက်နိုင်မှု၊ ထပ်ဆင့် ဩဇာစက်ဝန်း လွှမ်းမိုးနိုင်မှု (Sphere of influence)၊ စီးပွားရေးအရအရေးပါတဲ့ဒေသနဲ့ လမ်းကြောင်းတွေကို ထိန်းချုပ်နိုင်မှုရှိပြီဆိုရင် 'စစ်ဆင်ရေး ၁၀၂၇'ဟာ အကန့်အသတ်နဲ့ အရှိန်ကျကောင်း (ဝါ) ရပ်ကောင်းရပ်သွားနိုင်ပါတယ်။ **ဒီစစ်ဆင်ရေးမှာ 'ဝ'ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) နဲ့ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တို့က (သီးသန့်စစ်ရေးနဲ့ နိုင်ငံရေးဦးတည်ချက်တွေအရမဟုတ်ဘဲ) ညှိနှိုင်းပေါင်းစပ်မှုရှိရှိနဲ့ ပါဝင်ဆင်နွှဲလာမယ်ဆိုရင် အဆုံးသတ်စစ်ပွဲ (Total War) ကို ရှေးရှုသွားနိုင်ခြေရှိပါတယ်။** UWSA လို၊ KIA လို အဖွဲ့ကြီးတွေက ဘယ်လိုဆုံးဖြတ်မလဲဆိုတာကလည်း စစ်ဆင်ရေးက အချက်ပေးတဲ့ (Signaling Effects) တွေထဲမှာ အရေးအကြီးဆုံး စောင့်ကြည့်ရမယ့်အချက်ဖြစ်နိုင်ပါတယ်။ ဒီစစ်ဆင်ရေးမှာ ညီနောင်သုံးဖွဲ့နဲ့ EAOs ကြီးတွေအနေနဲ့ အသီးသီးအသက ဦးတည်ချက်အကန့်အသတ်နဲ့ပဲ ပါဝင်ပြီး (တရုတ်ဖိအားအပါအဝင် အကြောင်းအမျိုးမျိုးကြောင့်) ကိုယ်ရှိန်သတ်ကြမယ်ဆိုရင်တောင် သူတို့နဲ့ ချိတ်ဆက်နေတဲ့၊ သူတို့ လွှမ်းမိုးမှုစက်ဝန်းထဲမှာရှိတဲ့ PDF၊ LDF စတဲ့ အဖွဲ့တွေကို ဆက်တိုက်ပွဲဝင်ဖို့ နောက်ကနေ မျိုးစုံပံ့ပိုးကူညီအားပေးနေနိုင်ပါတယ်။ ဒီလိုအားပေးခြင်းက မြန်မာစစ်တပ်ကို အနားမရအောင်၊ ပိုအားနည်းအောင်လုပ်နိုင်မယ့် မဟာဗျူဟာမို့

'စစ်ဆင်ရေး ၁၀၂၇'ကတဆင့် **အဆုံးသတ်စစ်ပွဲ (Total War) ကို မရေးရှုဘူးဆိုရင်တောင် တာရှည်စစ်ပွဲ (Protracted War) အဖြစ်တော့ အကျိုးဆက်ဖြစ်လာဖွယ်ရှိပါတယ်။** ဒီလို အင်အားစုအသီးသီးရဲ့သံပူတုန်းနှက်မယ့် စစ်ရေးဖိအားတွေကြောင့် အောင်မြင်မှုအရှိန်ကောင်း လာမယ်ဆိုရင် မြန်မာစစ်တပ် ထိထိမိမိထိန်းချုပ်ထားနိုင်တဲ့နယ်မြေတွေ ကျုံ့သွားဖွယ်ရှိပါတယ်။

အာဏာသိမ်းကာလ သုံးနှစ်ပြည့်ဖို့ နှစ်လအလိုမှာ (ISP-Myanmar ကစုစည်းထားတဲ့ ဒေတာ အထောက်အထားတွေအရ) ဒီကာလတွေအတွင်း တိုင်းပြည်ရဲ့မြို့နယ်စုစုပေါင်း ၃၃၀ အနက် ၂၂၁ မြို့နယ် (၆၇ ရာခိုင်နှုန်း) မှာ တိုက်ပွဲတွေဖြစ်ပွားနေတာပါ။ ဒီလို တိုက်ပွဲဖြစ်နေတဲ့ မြို့နယ် တွေကို လုံခြုံရေးအညွှန်းကိန်း (မြို့နယ်အလိုက် တိုက်ပွဲအကြိမ်အရေအတွက်)၊ လူသားချင်း စာနာမှုဆိုင်ရာ အကျပ်အတည်းအညွှန်းကိန်း (မြို့နယ်အလိုက် နေရပ်စွန့်ခွာဒုက္ခသည်အရေ အတွက်)နဲ့ ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ အညွှန်းကိန်း (မြို့နယ်အလိုက် ရဲစခန်းဖွင့်၊ မဖွင့်၊ အထွေထွေအုပ်ချုပ်ရေးရုံးတွေ လည်ပတ်ခြင်း ရှိ၊ မရှိ၊ ရေပေး၊ မီးပေး အခြေခံဝန်ဆောင်မှုတွေ ရှိ၊ မရှိ ဆိုတာနဲ့ အစိုးရဝန်ထမ်းတွေ လစာ ရ၊ မရ) အပေါ်မှာ အခြေခံပြီး ပဋိပက္ခများရဲ့ပြင်း ထန်သက်ရောက်မှု မြင့်မား သို့မဟုတ် နည်းပါး စသဖြင့် အဆင့်ခွဲခြား သတ်မှတ်လေ့လာခဲ့ ပါတယ်။ ၂၂၁ မြို့နယ်အနက် လုံခြုံရေးအညွှန်းကိန်းအရ ပြင်းထန်သက်ရောက်မှု မြင့်မားတဲ့ မြို့နယ် ၁၄၁ မြို့နယ်ဖြစ်ပြီး ပြင်းထန်သက်ရောက်မှုနည်းပါးတဲ့ မြို့နယ်အရေအတွက် ၈၀ ရှိ ပါတယ်။ ၂၂၁ မြို့နယ်အနက် လူသားချင်းစာနာမှုဆိုင်ရာအကျပ်အတည်း အညွှန်းကိန်းအရ ပြင်းထန်သက်ရောက်မှု မြင့်မားတာ ၄၅ မြို့နယ်ဖြစ်ပြီး ပြင်းထန်သက်ရောက်မှု နည်းပါးတဲ့ မြို့နယ်အရေအတွက် ၉၂ မြို့နယ် ရှိပါတယ်။ တိုက်ပွဲဖြစ်ပွားနေသော်လည်း အမြဲနေရပ်စွန့်ခွာ ထွက်ပြေးနေရတဲ့ ဒုက္ခသည်မရှိတဲ့မြို့နယ်က ၈၄ မြို့နယ်ဖြစ်ပါတယ်။ ၂၂၁ မြို့နယ်အနက် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာအညွှန်းကိန်းအရ ပြင်းထန်သက်ရောက်မှု မြင့်မားတာ ၅၇ မြို့နယ် ဖြစ်ပြီး ပြင်းထန်သက်ရောက်မှုနည်းပါးတဲ့ မြို့နယ်အရေအတွက် ၁၆၄ မြို့နယ်ရှိပါတယ်။ လုံခြုံရေးအညွှန်းကိန်းပေါ် အဓိကအခြေခံပြီးတွက်ရင် မြန်မာစစ်တပ်ဟာ တိုင်းပြည်ရဲ့ ၄၃ ရာခိုင်နှုန်းလောက်ကို ထိထိမိမိထိန်းချုပ်နိုင်စွမ်းမရှိတော့ဘူးဆိုတာ ပေါ်လွင်ပါတယ် **(အသေး စိတ်ကို နောက်ဆက်တွဲ-၁ တွင် ရှုပါ)**။


ဒါကြောင့် မြန်မာစစ်တပ်အတွက် ဗဟိုချုပ်ကိုင်မှု အာဏာစက်နယ်မြေဟာ ကျုံ့သွားဖွယ်ရှိ ပါတယ်။ စစ်ရေးအရ အစွန်အဖျားတွေစွန့်၊ အဓိကနေရာတွေမှာ ပြန်စုဖွဲ့အထိုင်ချ၊ သူတင် ကိုယ်တင် ပြန်ထိုးစစ်ဆင်တာတွေ ဖြစ်ကောင်းဖြစ်နိုင်သေးပေမဲ့ လူထုယုံကြည်မှု၊ ဒါနဲ့အတူ တွဲဆက်နေတဲ့ စီးပွားရေး မိုးကြိုးပစ်တာကတော့ ထန်းလက်နဲ့ကာလို့မရပါဘူး။ လူသားချင်း စာနာမှုအကျပ်အတည်း ပိုဆိုးဖွယ်ရှိပါတယ်။ အခု 'စစ်ဆင်ရေး ၁၀၂၇'ကာလမှာပဲ ပြည်သူ

▸ သုံးသိန်းကျော် အိုးအိမ်စွန့်ပြေးရပြီး အာဏာသိမ်းလွန်ကာလ နိုင်ငံအနှံ့မှာ ပြည်တွင်းစစ်ရှောင်ဒုက္ခသည်အရေအတွက် လေးသန်းကျော်သွားပြီဖြစ်ပါတယ်။ ဒီအခြေအနေမှာ **အဓိကကျတဲ့ လက်နက်ကိုင်အင်အားစုတွေအကြား အိမ်သစ်ကြီး အတူတည်ဆောက်ပြီး လွတ်လပ်သူတို့ရဲ့ မြေ၊ သတ္တိရှိသူတို့ရဲ့ အိမ် 'The land of free and the home of the brave' ဆိုသလိုမျိုး နိုင်ငံရေးစိတ်ကူးစိတ်သန်းအသစ်မျိုးနဲ့ နိုင်ငံသစ်ကို ဘယ်လို တည်ဆောက်မယ်ဆိုတဲ့ လက်တွေ့ကျတဲ့ ကတိကဝတ်ပြုချက်ရှိထားဖို့ အထူးလိုအပ်ပါတယ်။** အဲဒီလိုမျှော်ရည်ချက်နဲ့ ကတိကဝတ်တွေ ရှိမထားရင်တော့ အမြစ်မြေလှန် တော်လှန်ရေးသမားတွေ၊ အဖွဲ့အစည်းတွေ တိုက်တွန်းအားပေးနေတဲ့ (၁) တိုင်းရင်းသားတွေအားလုံး ကိုယ့်နယ်မြေ ကိုယ်လွတ်မြောက်အောင်လုပ်ကြပါ၊ ပြန်သိမ်းပိုက်ကြပါ၊ (၂) ပြီးမှ ပြည်ထောင်စုကြီးကို တန်းတူရည်တူ ပြန်ပေါင်းစည်းကြမယ်၊ (၃) မပေါင်းစည်းချင်တဲ့ တိုင်းရင်းသားတွေလည်း ခွဲထွက်ကြပါဆိုတဲ့ စကားအပိုင်း သုံးပိုင်းအနက် ပထမပိုင်းက စကားနောက်တရားပါ ဖြစ်လာနိုင်ခြေရှိပါတယ်။ အခွင့်အလမ်းပေါ်တာနဲ့ တတိယပိုင်းကိုသာ ဦးတည်သွားဖို့ရှိပါတယ်။ စစ်မက်ဖြစ်ရာကနေ လက်နက်ကိုင်အသီးသီးက (အထူးသဖြင့် တိုင်းရင်းသားဒေသတွေက EAOs တွေအနေနဲ့) ကိုယ်စိုးမိုးရာ၊ ထိန်းချုပ်နိုင်စွမ်းရှိရာ နယ်မြေတွေမှာ ဗဟိုချုပ်ကိုင်မှုကို စုစည်းတာ၊ စင်ပြိုင်လက်နက်ကိုင်တွေကို ပုံစံအမျိုးမျိုးနဲ့ သစ္စာခံစေတာ၊ အခွန်အတုတ်စည်းကြပ်တာ၊ အခြေခံဝန်ဆောင်မှုကိစ္စတွေ ကိုင်တွယ်ဖို့ အုပ်ချုပ်ရေး (ဝါ) မျိုးနွယ်စွဲ၊ ဒေသစွဲ၊ ပါတီအုပ်စုစွဲပေါ် အခြေခံတဲ့ ဝန်ဆောင်မှုဖြန့်ချိတဲ့စနစ် တည်ဆောက်တာ၊ လူမျိုးရေးဝိသေသပေါ်အခြေခံတဲ့ နိုင်ငံရေးဇာတ်ပြောကိုသွတ်သွင်းတာ (Imposition of Ethnocentric Identity Discourse) စတဲ့ စူဋ္ဌနိုင်ငံတိုင်းငယ်ပြည်ငယ် (Mini-state or Quasi-state) တည်ဆောက်ရေးပဲခေါ်ခေါ်၊ ထီးပြိုင်နန်းပြိုင် အာဏာချက်ဗွေတွေ အပြိုင်အဆိုင်ပေါ်ထွန်းလာဖွယ်ရှိပါတယ် **(နိုင်ငံတကာကူညီရေးအဖွဲ့တွေနဲ့ NGOs တွေအပြောများတဲ့ ဒေသန္တရအုပ်ချုပ်ရေး (Local Governance) ဆိုတာ တိုင်းငယ်ပြည်ငယ်တည်ဆောက်ရေး (Mini-state or Quasi-state building) နဲ့ မတူဘူးဆိုတာ သတိချပ်အပ်ပါတယ်)**။

မြန်မာ့သမိုင်းမှာလည်း ပုဂံအင်ပါယာပြိုကွဲပြီးချိန်ကနေ တောင်ငူအထွတ်ပြန်တက်ချိန်အထိ၊ တခါ တောင်ငူပြိုကွဲချိန်ကနေ ကုန်းဘောင် ပဒေသရာဇ်အင်ပါယာပေါ်ထွန်းချိန်၊ ပြိုကွဲချိန်စသဖြင့် လေ့လာကြည့်ရင် မြန်မာ့သဘာဝအခြေအနေဟာ ပြိုကွဲမှု၊ သူတလူငါတမင်းဖြစ်မှု၊ ထီးပြိုင်နန်းပြိုင်ဖြစ်မှု၊ တိုင်းငယ်ပြည်ငယ် တိုင်းကျပ်ပြည်ကျပ်ဖြစ်မှုကို ပုံမှန်လက္ခဏာအဖြစ်တွေ့နိုင်ပါတယ်။ ဒါပေမဲ့ ပဒေသရာဇ်ခေတ်၊ ဧကရာဇ်ခေတ်အုပ်စိုးသူတွေက အမျိုးသားရေးလမ်းစဉ်နဲ့ အာဏာယူထားတာမဟုတ်လို့၊ ထီးရိပ်နန်းရိပ်ကအုပ်စိုးသူတွေနဲ့ တောရိပ်တောင်ရိပ်က သာမန်လူထုအကြားမှာ သခင်နဲ့ ကျေးတော်ကျွန်တော်မျိုး ဆက်ဆံရေးပဲရှိပါတယ်။

## ပုဂံခေတ်မှ ယနေ့အချိန်အထိရှိခဲ့သော ထီးပြိုင်နန်းပြိုင်များ

ပုဂံခေတ်အစပြုချိန်မှ မျက်မှောက်ခေတ်အထိ **(လက်ရှိ မြန်မာနိုင်ငံအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုထားသော နယ်နိမိတ်အတွင်း)** သမိုင်းတလျှောက်ရှိခဲ့သော မင်းဆက်များ၊ တိုင်းပြည်များနှင့် ထီးပြိုင်နန်းပြိုင်များကို မြင်သာစေရန် ပြဆိုထားခြင်းဖြစ်ပါသည်။ နှစ်ပေါင်း ၁,၂၀၀ ကျော်ကာလအတွင်း နိုင်ငံ၊ သို့မဟုတ် အင်ပါယာ ချဲ့ထွင်တည်ထောင်ခဲ့သော မင်းဆက်သုံးခုရှိခဲ့သည်။ ထိုမင်းများအုပ်စိုးစဉ် နှစ်အနည်းငယ် (အနည်းဆုံး ရှစ်နှစ်မှ အများဆုံး ၆၈ နှစ်ကာလ)မှလွဲ၍ ကျန်အချိန်များတွင် ထီးပြိုင်နန်းပြိုင်ဖြစ်မှုများသာ ပြည့်နှက်နေခဲ့သည်။ ပုဂံအင်ပါယာ ပြိုကွဲပြီးချိန်မှစ၍ တောင်ငူအင်ပါယာ အားကောင်းချိန်အထိလည်းကောင်း၊ တောင်ငူအင်ပါယာပြိုကွဲချိန်မှစ၍ ကုန်းဘောင်အင်ပါယာ ပေါ်ထွန်းချိန်၊ ထို့နောက် ကုန်းဘောင်အင်ပါယာ ပြိုကွဲချိန်အထိလည်းကောင်း လေ့လာပါက မြန်မာ့သဘာဝအခြေအနေတွင် ပြိုကွဲမှုများ၊ သူတလူငါတမင်းဖြစ်မှုများ၊ ထီးပြိုင်နန်းပြိုင်ဖြစ်မှုများ၊ တိုင်းငယ်ပြည်ငယ်၊ တိုင်းကျပ်ပြည်ကျပ်ဖြစ်မှုများအား ပုံမှန်လက္ခဏာအဖြစ် တွေ့ရှိရပါသည်။




ရည်ညွှန်း - မြန်မာ့သမိုင်းပညာရှင်များ ရေးသားပြုစုခဲ့သော မှတ်တမ်းများထဲမှ စုစည်း၍ ဖော်ပြထားခြင်းဖြစ်သည်။ သမိုင်းပညာရှင်အသီးသီး၏ အယူအဆကွဲအမျိုးမျိုးကြောင့် ခုနှစ်တွက်ချက်မှုများအပါအဝင် အချက်အလက်တချို့ ကွဲလွဲမှုအနည်းငယ်ရှိနိုင်ပါသည်။ ထို့အပြင် လက်ရှိ မြန်မာနိုင်ငံအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုထားသော နယ်နိမိတ်အတွင်း တည်ရှိခဲ့သည့် မင်းဆက်၊ အင်ပါယာနှင့် တိုင်းငယ်ပြည်ငယ်များအား ဖော်ပြထားခြင်းဖြစ်ပြီး ယခုဖော်ပြမှုဥ်မပါဘဲ ကျန်ရစ်သည်များရှိနိုင်ပါသည်။

ဒါပေမဲ့ 'အိမ်'ဆိုတာကို မျိုးနွယ်စုအရ၊ လူမျိုးရေးအရ 'ငါတို့အိမ်' (Exclusive Nationalistic Conception of Home) ဆိုပြီး နယ်မြေကို သတ်မှတ်သိမ်းပိုက်ပြီ ဆိုရင်တော့၊ လက်နက်အင်အားကြီးသူက အမျိုးသားရေးလမ်းစဉ်နဲ့ အာဏာရယူလာပြီဆိုရင်တော့ မတူညီတဲ့ လူမျိုးတွေ ရောနှောနေထိုင်ကြတဲ့ လူ့အသိုက်အမြုံမှာ မျိုးနွယ်စုအခြေခံပဋိပက္ခ (Tribalistic Conflicts) တွေကို ပိုပြီးတောက်လောင်ဖို့ လွယ်အောင် မီးမွှေးသလို ဖြစ်လာမှာပါ။ တိုင်းရင်းသားတွေ အမြဲထောက်ပြနေတဲ့ ဗမာလူမျိုးကြီးဝါဒ (Burmanization) လို အခြေအနေမျိုးကို လူမျိုးကြီးဖြစ်စရာမလိုဘဲ လက်နက်အင်အားကြီးတာနဲ့ အကောင်အထည်ဖော်နိုင်တဲ့အနေအထားမျိုးကို ဒေသအသီးသီးမှာ ကြုံရဖွယ်ရှိနိုင်ပါတယ်။

Edward N. Luttwak ရဲ့ နာမည်ကျော်ဆောင်းပါးကို ကိုးကားပြောရရင် အခုချိန်အထိတော့ ပြည်တွင်းပြည်ပဘက်အသီးသီးနဲ့ သူတို့ကိုထောက်ခံသူတွေက စစ်ကိုအလှည့်ပေး (Give War a Chance) ဖို့အချိန်ပဲလို့ ယူဆထားကြပုံရပါတယ်။ စစ်ဆိုတဲ့ငရဲပန်းကို ရွှေပန်းအဖြစ် ပုံဖော်နေဆဲကာလပဲ ဖြစ်နေပါသေးတယ်။ ဒါကြောင့် လတ်တလောလုပ်နိုင်တာကတော့ (၁) စစ်ပွဲပဋိပက္ခတွေကြောင့် ဖြစ်နေတဲ့ ဆိုးပြစ် အကျိုးဆက်တွေကို ဘယ်လိုသက်သာလျော့ပါးအောင်လုပ်မလဲဆိုတဲ့ (Conflict Mitigation) ချဉ်းကပ်မှုအရ အရပ်သားတွေကို အကာအကွယ်ပေးရေး၊ လူသားချင်းစာနာအကူအညီပေးရေးတွေကို အာရုံစိုက်ဖို့ပါပဲ။ (၂) တိုင်းငယ်ပြည်ငယ် တည်ဆောက်ရေးကို လူမျိုးစုအခြေခံနဲ့လုပ်လို့ ဖြစ်လာနိုင်တဲ့ မျိုးနွယ်စုအခြေခံပဋိပက္ခတွေကို တားဆီးနိုင်ဖို့နဲ့ လူထုအခြေခံလိုအပ်ချက် (Public Goods) တွေကို ဖြန့်ဖြူးနိုင်ဖို့ အပြန်အလှန်အမှီသဟဲပြုတာကို ကျားကန်မယ့် ရပ်ရွာအသိုက်အမြုံ တည်ဆောက်ရေး (Interdependent Community Building) ကို အားပေးဖို့ပါပဲ။ (၃) နိုင်ငံတကာအနေနဲ့ ကြားဝင်ဖျန်ဖြေ (Mediation) ဖို့ အချိန်ကျလာရင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် အခြေခံကောင်းတွေဖြစ်တဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေ ဖွင့်ထား၊ တည်ဆောက်ထားတာ၊ ပေါင်းစပ်ညှိနှိုင်းရေးကို မျက်နှာစာအသီးသီးမှာ (Communication Channels and Coordination) အရှိန်ယူထားတာတွေ လုပ်ဖို့ပါပဲ။

အကောင်းဘက်က မျှော်လင့်နိုင်တာကတော့ မတူကွဲလွဲတဲ့လူမျိုးစု၊ ဒေသအသီးသီးက EAOs၊ လက်နက်ကိုင်တပ်ဖွဲ့အသီးသီးကြားမှာ တော်လှန်ရေးမိုးထဲရေထဲတိုက်ပွဲဝင်ရင်း သွေးစည်းတယ်ဆိုတာမျိုးလည်း ဖြစ်နိုင်တဲ့အလားအလာကို တွေ့ရပါတယ်။ ဒီလိုနည်းနဲ့ အပြန်အလှန်သင်ယူပြီး ယုံကြည်မှုတွေ ပိုတိုးလာတာရှိတတ်ပါတယ်။ ဥပမာ- ကိုးကန့် MNDAA တပ်ဖွဲ့ကို ဗမာအရပ်ဘက်အဖွဲ့တွေက ကျပ်သိန်း ၅,၀၀၀ လှူဒါန်းတာမျိုးဟာ ကိုးကန့်တွေအတွက် ပီတိဖြစ်၊ ယုံကြည်မှုတိုးစေမှာ အမှန်ပါပဲ။ အလားတူ ပြည်သူလူထုရဲ့ မျှော်လင့်အားကိုးမှုနဲ့

- နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှုရရှိဖို့ တုံ့ပြန်ရင်း သဘောထားအမြင်မူဝါဒတွေကို ပြန်လည်သုံးသပ်ပြင်ဆင်လာမျိုးကို တော်လှန်ရေးတပ်ဖွဲ့တွေက ပြုလုပ်လေ့ရှိပါတယ်။ ဥပမာ- ရက္ခိုင့်တပ်တော် (AA) ရဲ့ ရိုဟင်ဂျာဆိုတဲ့ စကားလုံးသုံးနှုန်းတာကနေ ပေါ်လစီအဆင့်ထိ ပျော့ပြောင်းညင်သာစွာ ကိုင်တွယ်လာတာ၊ လက်တွေ့ဆန်လာတာမျိုး ဖြစ်ပါတယ်။ ဒါတွေဟာ နိုင်ငံတော်တည်ဆောက်ရေး (State Building Process) မှာ တွဲဖက်ပါလာရင် အကျိုးကြီးမားလှတဲ့ နိုင်ငံရေးနှုန်းစံကျင့်ဝတ်ယဉ်ပါးလာစေခြင်းမျိုး (Political Socialization) ပဲ ဖြစ်ပါတယ်။ ခုချိန်ထိတော့ နိုင်ငံရေးနှုန်းစံကျင့်ဝတ်ယဉ်ပါးရေးလုပ်ငန်းစဉ်က လှမ်းနိုင်တဲ့ခြေလှမ်းက လူမျိုးအခြေပြု ထီးပြိုင်နန်းပြိုင်တည်ဆောက်ရေး၊ စစ်ဘောင်ချဲ့ရေး ခြေလှမ်းနဲ့ယှဉ်ရင် အားနည်းနေပါသေးတယ်။ စစ်ဝါဒ၊ စစ်ဘုရင်နဲ့ စစ်ရေးအောင်ပွဲကသာ အဆုံးသတ်အောင်ပွဲကို ဆောင်ကြဉ်းမယ်ဆိုတဲ့ ဂုဏ်တင် (Glorification) နေတာတွေ အလွန်အကျူး မဖြစ်အောင် ဆင်ခြင်ကြရပါမယ်။

ဒါကြောင့် အထက်မှာအကြံပြုခဲ့တဲ့ လတ်တလော လုပ်နိုင်တာတွေဖြစ်တဲ့ ပဋိပက္ခရဲ့ ဆိုးပြစ်အကျိုးဆက်တွေ လျော့ပါးရေးနဲ့ အပြန်အလှန်အမှီသဟဲပြု လူ့အသိုက်အမြုံတည်ဆောက်ရေးတွေမှာ လူထုအနေနဲ့ရော နိုင်ငံတကာအနေနဲ့ပါ နိုင်ငံရေးနှုန်းစံကျင့်ဝတ် ယဉ်ပါးရေးလုပ်ငန်းစဉ်တွေဖြစ်တဲ့ အရပ်ဘက်ဦးဆောင်တဲ့ ဒေသန္တရအုပ်ချုပ်ရေး ပေါ်ထွန်းဖို့၊ မီဒီယာစတဲ့ လွတ်လပ်စွာဖော်ထုတ်ခွင့်ကို အာမခံဖို့၊ လူမျိုးရေးအရခွဲခြားတဲ့ (မီးပွားစေမယ့်) အမိန့်တွေ၊ ဥပဒေတွေ၊ အမူအကျင့်တွေကိုရှောင်ကြဉ်ဖို့၊ ကလေးသူငယ်နဲ့ အမျိုးသမီးအခွင့်အရေးတွေ၊ သယံဇာတ အလွန်အကျူးထုတ်ယူမှုကြောင့် သဘာဝဂေဟစနစ် ပျက်စီးမယ့်အရေးတွေကို မျက်ကွယ်မပြုဖို့ စတာတွေကို ဖိဖိစီးစီး တွန်းဆောင်ရွက်သင့်ပါတယ်။ အထက်မှာပြောခဲ့သလိုပဲ EAOs တွေနဲ့ တော်လှန်ရေးအင်အားစုတွေဟာ ယေဘုယျအားဖြင့် ခေတ်ကောင်းစနစ်ကောင်းကို ပြောင်းချင်ကြလို့ လှုပ်ရှားနေတာမို့ တိုက်ပွဲဝင်နေတဲ့ ရဲဘော်ရဲဘက်အချင်းချင်းနဲ့ အဖွဲ့အစည်းအချင်းချင်းအကြား အပြန်အလှန်ထောက်ပြပြီး ကျင့်ဝတ်နှုန်းစံတွေနဲ့ညီအောင် လေ့လာကျင့်ကြံ (Endogenous Political Learning) ဆောင်ရွက်နိုင်ကြမယ်လို့ ယူဆရပါတယ်။ အလားတူပဲ အရပ်ဘက်အဖွဲ့အစည်းတွေ၊ မီဒီယာတွေ၊ သုတေသီအဖွဲ့တွေ၊ ကုလသမဂ္ဂနဲ့ အာဆီယံလိုအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအစိုးရတွေ၊ ကူညီထောက်ပံ့ရေးအဖွဲ့အစည်းတွေကလည်း ဒီကျင့်ဝတ်နှုန်းစံတွေ သိမှုနဲ့ ကျင့်မှု မြင့်မားရေး (Exogenous Political Learning) အတွက် EAOs တွေနဲ့ တော်လှန်ရေးအင်အားစုတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ပါတယ်။ Daniel Ritter ရဲ့ ထင်ရှားတဲ့ အယူအဆတရပ်ကို ဆီလျော်အောင်ပြောရရင် ဒါဟာ ပဋိပက္ခမှာပါဝင်နေသူတွေကို နိုင်ငံတကာနှုန်းစံတွေနဲ့အညီ ကတိကဝတ်ပြုကျင့်ကြံနိုင်အောင် (Iron Cage of International Norms) စည်းနှောင်တာပဲဖြစ်ပါတယ်။

တချိန်တည်းမှာ သတိကြီးကြီးထားဖို့ကတော့ လစ်ဘရယ်နဲ့ ရယ်ဒီကယ်တွေ ဟုတ်ယောင်ထင်ပျော်ရှုင်လေ့ရှိတဲ့ သားရွှေအိုးထမ်း (All good things go together) ကိန်းဆိုတာ အာဏာနဲ့ အကျိုးစီးပွားက တန်ဖိုးထားမှုတွေကို အမြဲလိုလို နှုတ်ပိတ်လေ့ရှိတဲ့၊ ဆွံ့အစေလေ့ရှိတဲ့ နိုင်ငံရေးဘုံအနှမ်းမှာ ဖြစ်တောင့်ဖြစ်ခဲဆိုတာပါပဲ။ 'စစ်ဆင်ရေး ၁၀၂၇'က သတိထပ်ပေးလိုက်တဲ့ ခေါင်းလောင်းသံဟာ မြန်မာပြည်မှာ အမြဲလိုအပ်နေတဲ့ အားလုံးလွှမ်းခြုံစေမယ့် နိုင်ငံရေးစိတ်ကူးစိတ်သန်းအသစ် (New Political Imagination) နဲ့ လက်တွေ့ကျကျ မဟာဗျူဟာမြောက် တဆင့်ချင်းတက်လှမ်းနိုင်မယ့် နိုင်ငံရေးလမ်းပြမြေပုံပဲလို့ သုံးသပ်တင်ပြလိုက်ရပါတယ်။ ■

အမှတ်-၁၉၊ နောက်ဆက်တွဲ - ၁၊ ဒီဇင်ဘာ ၅ ရက်၊ ၂၀၂၃ ခုနှစ်

## တိုက်ပွဲများ ဖြစ်ပွားခဲ့သော မြို့နယ် ၂၂၁ မြို့နယ်၏ ပဋိပက္ခပြင်းထန်သက်ရောက်မှု

ISP-Myanmar က စုစည်းထားသော ဒေတာအချက်အလက်များအရ အာဏာသိမ်းမှုအလွန် သုံးနှစ်နီးပါးကြာလာချိန်တွင် (အနည်းဆုံးတကြိမ်နှင့်အထက် အပြန်အလှန်ပစ်ခတ်) တိုက်ပွဲဖြစ်ပွားခဲ့သည့်မြို့နယ် ၂၂၁ မြို့နယ် (နိုင်ငံအနှံ့ မြို့နယ်စုစုပေါင်း၏ ၆၇ ရာခိုင်နှုန်း) ရှိလာကြောင်းတွေ့ရှိရသည်။ အဆိုပါ ၂၂၁ မြို့နယ်၏ ပဋိပက္ခပြင်းထန်သက်ရောက်မှု အခြေအနေကိုသိနိုင်ရန် **လုံခြုံရေးဆိုင်ရာအညွှန်းကိန်း** (မြို့နယ်အလိုက် တိုက်ပွဲအကြိမ်အရေအတွက်)၊ **လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းအညွှန်းကိန်း** (မြို့နယ်အလိုက် နေရပ်စွန့်ခွာဒုက္ခသည်အရေအတွက်)၊ **ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ အညွှန်းကိန်း** (မြို့နယ်အလိုက် ရဲစခန်းဖွင့်ခြင်း ရှိ၊ မရှိ၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးများ လည်ပတ်နိုင်ခြင်း ရှိ၊ မရှိ၊ လျှပ်စစ်မီးနှင့်ရေပေးဝေမှု စသော အခြေခံဝန်ဆောင်မှုများ ရှိ၊ မရှိနှင့် အစိုးရဝန်ထမ်းများ လစာ ရ၊ မရ) စသည်တို့အပေါ် အခြေခံ၍ မြို့နယ်တခုချင်းစီအလိုက် ISP-Myanmar က လေ့လာခဲ့ပါသည်။ ထိုသို့လေ့လာရာတွင် ပဋိပက္ခများ၏ ပြင်းထန်သက်ရောက်မှု မြင့်မား သို့မဟုတ် နည်းပါးစသဖြင့် အဆင့်ခွဲခြား သတ်မှတ်လေ့လာခဲ့ပါသည်။ မြို့နယ်တခုချင်းစီ၏ အညွှန်းကိန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ■ ပြင်းထန်သက်ရောက်မှုမြင့်မား
- ■ ပြင်းထန်သက်ရောက်မှုနည်းပါး
- ■ တိုက်ပွဲများ ဖြစ်ပွားနေသော်လည်း အမြဲနေရပ်စွန့်ခွာ ထွက်ပြေးနေရသော ဒုက္ခသည်မရှိ

| စဉ် | မြို့နယ်များ | လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း | လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပြင်းထန် သက်ရောက်မှု အညွှန်းကိန်း | ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း |
|---|---|---|---|---|
| ၁ | ကနီ | မြင့်မား | မြင့်မား | နည်းပါး |
| ၂ | ကန်ပက်လက် | နည်းပါး | မြင့်မား | မြင့်မား |
| ၃ | ကန့်ဘလူ | မြင့်မား | မြင့်မား | နည်းပါး |
| ၄ | ကံမ | နည်းပါး | မရှိ | မြင့်မား |
| ၅ | ကျွန်းစု | မြင့်မား | နည်းပါး | နည်းပါး |
| ၆ | ကျွန်းလှ | နည်းပါး | မြင့်မား | မြင့်မား |
| ၇ | ကျိုက်ထို | မြင့်မား | နည်းပါး | နည်းပါး |
| ၈ | ကျိုက်မရော | မြင့်မား | နည်းပါး | နည်းပါး |
| ၉ | ကျုံပျော် | နည်းပါး | နည်းပါး | နည်းပါး |
| ၁၀ | ကျေးသီး | နည်းပါး | နည်းပါး | နည်းပါး |
| ၁၁ | ကျောက်ကြီး | မြင့်မား | မြင့်မား | နည်းပါး |

| စဉ် | မြို့နယ်များ | လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း | လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပြင်းထန် သက်ရောက်မှု အညွှန်းကိန်း | ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း |
|---|---|---|---|---|
| ၁၂ | ကျောက်ဆည် | နည်းပါး | မရှိ | နည်းပါး |
| ၁၃ | ကျောက်တံခါး | မြင့်မား | နည်းပါး | နည်းပါး |
| ၁၄ | ကျောက်တော် | နည်းပါး | မရှိ | မြင့်မား |
| ၁၅ | ကျောက်ဖြူ | မြင့်မား | မရှိ | နည်းပါး |
| ၁၆ | ကျောက်မဲ | နည်းပါး | နည်းပါး | မြင့်မား |
| ၁၇ | ကြံခင်း | နည်းပါး | မရှိ | နည်းပါး |
| ၁၈ | ကြာအင်းဆိပ်ကြီး | မြင့်မား | နည်းပါး | မြင့်မား |
| ၁၉ | ကြို့ပင်ကောက် | နည်းပါး | မရှိ | နည်းပါး |
| ၂၀ | ကလေး | မြင့်မား | မြင့်မား | နည်းပါး |
| ၂၁ | ကလေးဝ | မြင့်မား | မရှိ | မြင့်မား |
| ၂၂ | ကလော | နည်းပါး | မရှိ | နည်းပါး |
| ၂၃ | ကွတ်ခိုင် | မြင့်မား | နည်းပါး | နည်းပါး |
| ၂၄ | ကွမ်းခြံကုန်း | နည်းပါး | မရှိ | နည်းပါး |
| ၂၅ | ကွမ်းလုံ | မြင့်မား | နည်းပါး | မြင့်မား |
| ၂၆ | ကသာ | မြင့်မား | နည်းပါး | မြင့်မား |
| ၂၇ | ကုန်းကြမ်း | မြင့်မား | မရှိ | မြင့်မား |
| ၂၈ | ကော့ကရိတ် | မြင့်မား | မြင့်မား | မြင့်မား |
| ၂၉ | ကော့မှူး | နည်းပါး | မရှိ | နည်းပါး |
| ၃၀ | ကောလင်း | မြင့်မား | မြင့်မား | မြင့်မား |
| ၃၁ | ကော့သောင်း | နည်းပါး | နည်းပါး | နည်းပါး |

| စဉ် | မြို့နယ်များ | လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း | လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပြင်းထန် သက်ရောက်မှု အညွှန်းကိန်း | ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း |
|---|---|---|---|---|
| ၃၂ | ခင်ဦး | မြင့်မား | မြင့်မား | နည်းပါး |
| ၃၃ | ခန္တီး | နည်းပါး | မရှိ | နည်းပါး |
| ၃၄ | ချမ်းမြသာစည် | နည်းပါး | မရှိ | နည်းပါး |
| ၃၅ | ချမ်းအေးသာစံ | နည်းပါး | မရှိ | နည်းပါး |
| ၃၆ | ချောက် | မြင့်မား | မရှိ | နည်းပါး |
| ၃၇ | ချောင်းဦး | မြင့်မား | နည်းပါး | နည်းပါး |
| ၃၈ | ခရမ်း | နည်းပါး | မရှိ | နည်းပါး |
| ၃၉ | ဂန့်ဂေါ | မြင့်မား | မြင့်မား | နည်းပါး |
| ၄၀ | ငဖဲ | နည်းပါး | နည်းပါး | နည်းပါး |
| ၄၁ | ငါန်းဇွန် | မြင့်မား | နည်းပါး | နည်းပါး |
| ၄၂ | စစ်ကိုင်း | မြင့်မား | နည်းပါး | မြင့်မား |
| ၄၃ | စဉ့်ကိုင် | မြင့်မား | မရှိ | နည်းပါး |
| ၄၄ | စဥ့်ကူး | မြင့်မား | နည်းပါး | နည်းပါး |
| ၄၅ | စလင်း | မြင့်မား | နည်းပါး | နည်းပါး |
| ၄၆ | စေတုတ္တရာ | မြင့်မား | နည်းပါး | နည်းပါး |
| ၄၇ | ဆွမ်ပရာဘွမ် | မြင့်မား | မရှိ | မြင့်မား |
| ၄၈ | ဆားလင်းကြီး | မြင့်မား | မြင့်မား | မြင့်မား |
| ၄၉ | ဆိပ်ဖြူ | မြင့်မား | နည်းပါး | နည်းပါး |
| ၅၀ | ဆီဆိုင် | မြင့်မား | နည်းပါး | နည်းပါး |
| ၅၁ | ဆော | မြင့်မား | နည်းပါး | မြင့်မား |

| စဉ် | မြို့နယ်များ | လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း | လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပြင်းထန် သက်ရောက်မှု အညွှန်းကိန်း | ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း |
|---|---|---|---|---|
| ၅၂ | ဆော့လော် | နည်းပါး | မရှိ | မြင့်မား |
| ၅၃ | ညောင်ရွှေ | မြင့်မား | နည်းပါး | နည်းပါး |
| ၅၄ | ညောင်လေးပင် | နည်းပါး | နည်းပါး | နည်းပါး |
| ၅၅ | ညောင်ဦး | မြင့်မား | မရှိ | နည်းပါး |
| ၅၆ | တံတားဦး | နည်းပါး | မရှိ | နည်းပါး |
| ၅၇ | တနသာ်ရီ | မြင့်မား | မြင့်မား | နည်းပါး |
| ၅၈ | တနိုင်း | နည်းပါး | နည်းပါး | နည်းပါး |
| ၅၉ | တန့်ဆည် | မြင့်မား | မြင့်မား | မြင့်မား |
| ၆၀ | တန့်ယန်း | မြင့်မား | နည်းပါး | နည်းပါး |
| ၆၁ | တပ်ကုန်း | မြင့်မား | မရှိ | နည်းပါး |
| ၆၂ | တမူး | မြင့်မား | နည်းပါး | နည်းပါး |
| ၆၃ | တံွတေး | မြင့်မား | မရှိ | နည်းပါး |
| ၆၄ | တွန်းဇန် | မြင့်မား | မရှိ | နည်းပါး |
| ၆၅ | တာချီလိတ် | မြင့်မား | မရှိ | မြင့်မား |
| ၆၆ | တိုက်ကြီး | နည်းပါး | မရှိ | နည်းပါး |
| ၆၇ | တီးတိန် | နည်းပါး | နည်းပါး | နည်းပါး |
| ၆၈ | တောင်ငူ | နည်းပါး | နည်းပါး | နည်းပါး |
| ၆၉ | တောင်သာ | မြင့်မား | မရှိ | နည်းပါး |
| ၇၀ | ထန်းတပင် | နည်းပါး | မရှိ | နည်းပါး |
| ၇၁ | ထန်တလန် | မြင့်မား | မြင့်မား | မြင့်မား |

| စဉ် | မြို့နယ်များ | လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း | လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပြင်းထန် သက်ရောက်မှု အညွှန်းကိန်း | ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း |
|---|---|---|---|---|
| ၇၂ | ထားဝယ် | မြင့်မား | နည်းပါး | နည်းပါး |
| ၇၃ | ထီးချိုင့် | မြင့်မား | မြင့်မား | မြင့်မား |
| ၇၄ | ထီးလင်း | နည်းပါး | နည်းပါး | နည်းပါး |
| ၇၅ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | နည်းပါး | မရှိ | နည်းပါး |
| ၇၆ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | နည်းပါး | မရှိ | နည်းပါး |
| ၇၇ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | နည်းပါး | မရှိ | နည်းပါး |
| ၇၈ | ဒီပဲယင်း | မြင့်မား | မြင့်မား | မြင့်မား |
| ၇၉ | ဒီးမော့ဆို | မြင့်မား | မြင့်မား | မြင့်မား |
| ၈၀ | ဒေါပုံ | နည်းပါး | မရှိ | နည်းပါး |
| ၈၁ | နတ်တလင်း | မြင့်မား | နည်းပါး | နည်းပါး |
| ၈၂ | နတ်မောက် | နည်းပါး | နည်းပါး | နည်းပါး |
| ၈၃ | နမ္မတူ | နည်းပါး | နည်းပါး | နည်းပါး |
| ၈၄ | နမ့်ခမ်း | မြင့်မား | နည်းပါး | မြင့်မား |
| ၈၅ | နမ့်စန် | နည်းပါး | နည်းပါး | နည်းပါး |
| ၈၆ | နွားထိုးကြီး | မြင့်မား | မရှိ | နည်းပါး |
| ၈၇ | နောင်ချို | မြင့်မား | နည်းပါး | နည်းပါး |
| ၈၈ | ပခုက္ကူ | မြင့်မား | နည်းပါး | နည်းပါး |
| ၈၉ | ပင်းတယ | နည်းပါး | မရှိ | နည်းပါး |
| ၉၀ | ပင်လည်ဘူး | မြင့်မား | နည်းပါး | မြင့်မား |
| ၉၁ | ပင်လောင်း | မြင့်မား | နည်းပါး | နည်းပါး |

| စဉ် | မြို့နယ်များ | လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း | လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပြင်းထန် သက်ရောက်မှု အညွှန်းကိန်း | ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း |
|---|---|---|---|---|
| ၉၂ | ပန်းဘဲတန်း | နည်းပါး | မရှိ | နည်းပါး |
| ၉၃ | ပျဉ်းမနား | နည်းပါး | မရှိ | နည်းပါး |
| ၉၄ | ပျော်ဘွယ် | မြင့်မား | မရှိ | နည်းပါး |
| ၉၅ | ပြင်ဦးလွင် | နည်းပါး | မရှိ | နည်းပါး |
| ၉၆ | ပြည် | မြင့်မား | မရှိ | နည်းပါး |
| ၉၇ | ပြည်ကြီးတံခွန် | နည်းပါး | မရှိ | နည်းပါး |
| ၉၈ | ပလက်ဝ | မြင့်မား | နည်းပါး | နည်းပါး |
| ၉၉ | ပွင့်ဖြူ | နည်းပါး | မရှိ | မြင့်မား |
| ၁၀၀ | ပုလော | မြင့်မား | နည်းပါး | နည်းပါး |
| ၁၀၁ | ပုလဲ | မြင့်မား | မြင့်မား | မြင့်မား |
| ၁၀၂ | ပုသိမ် | နည်းပါး | မရှိ | နည်းပါး |
| ၁၀၃ | ပုသိမ်ကြီး | မြင့်မား | မရှိ | နည်းပါး |
| ၁၀၄ | ပူတာအို | နည်းပါး | နည်းပါး | မြင့်မား |
| ၁၀၅ | ပေါက် | မြင့်မား | မြင့်မား | မြင့်မား |
| ၁၀၆ | ပေါက်တော | မြင့်မား | မြင့်မား | မြင့်မား |
| ၁၀၇ | ပေါင် | နည်းပါး | မရှိ | နည်းပါး |
| ၁၀၈ | ပေါင်းတည် | မြင့်မား | နည်းပါး | နည်းပါး |
| ၁၀၉ | ပဲခူး | နည်းပါး | မြင့်မား | နည်းပါး |
| ၁၁၀ | ဖယ်ခုံ | မြင့်မား | မြင့်မား | မြင့်မား |
| ၁၁၁ | ဖရူဆို | မြင့်မား | မြင့်မား | မြင့်မား |

| စဉ် | မြို့နယ်များ | လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း | လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပြင်းထန် သက်ရောက်မှု အညွှန်းကိန်း | ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း |
|---|---|---|---|---|
| ၁၁၂ | ဖြူး | မြင့်မား | နည်းပါး | နည်းပါး |
| ၁၁၃ | ဖလမ်း | နည်းပါး | မြင့်မား | နည်းပါး |
| ၁၁၄ | ဖားကန့် | မြင့်မား | နည်းပါး | နည်းပါး |
| ၁၁၅ | ဖားဆောင်း | မြင့်မား | နည်းပါး | မြင့်မား |
| ၁၁၆ | ဖာပွန် | မြင့်မား | မြင့်မား | မြင့်မား |
| ၁၁၇ | ဖောင်းပြင် | မြင့်မား | နည်းပါး | နည်းပါး |
| ၁၁၈ | ဗန်းမောက် | နည်းပါး | နည်းပါး | နည်းပါး |
| ၁၁၉ | ဗန်းမော် | မြင့်မား | မရှိ | နည်းပါး |
| ၁၂၀ | ဘားအံ | နည်းပါး | မရှိ | နည်းပါး |
| ၁၂၁ | ဘိုကလေး | မြင့်မား | မရှိ | နည်းပါး |
| ၁၂၂ | ဘီးလင်း | မြင့်မား | နည်းပါး | နည်းပါး |
| ၁၂၃ | ဘုတလင် | မြင့်မား | နည်းပါး | နည်းပါး |
| ၁၂၄ | ဘုတ်ပြင်း | မြင့်မား | နည်းပါး | နည်းပါး |
| ၁၂၅ | ဘူးသီးတောင် | မြင့်မား | နည်းပါး | မြင့်မား |
| ၁၂၆ | ဘောလခဲ | မြင့်မား | မြင့်မား | မြင့်မား |
| ၁၂၇ | မကွေး | နည်းပါး | မရှိ | နည်းပါး |
| ၁၂၈ | မင်းကင်း | နည်းပါး | မြင့်မား | နည်းပါး |
| ၁၂၉ | မင်းတပ် | နည်းပါး | မြင့်မား | မြင့်မား |
| ၁၃၀ | မင်းတုန်း | မြင့်မား | မရှိ | နည်းပါး |
| ၁၃၁ | မင်းပြား | မြင့်မား | နည်းပါး | မြင့်မား |

| စဉ် | မြို့နယ်များ | လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း | လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပြင်းထန် သက်ရောက်မှု အညွှန်းကိန်း | ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း |
|---|---|---|---|---|
| ၁၃၂ | မင်းလှ | မြင့်မား | နည်းပါး | နည်းပါး |
| ၁၃၃ | မံစီ | မြင့်မား | နည်းပါး | နည်းပါး |
| ၁၃၄ | မတူပီ | မြင့်မား | နည်းပါး | နည်းပါး |
| ၁၃၅ | မတ္တရာ | မြင့်မား | နည်းပါး | နည်းပါး |
| ၁၃၆ | မန်တုံ | မြင့်မား | မရှိ | မြင့်မား |
| ၁၃၇ | မဘိမ်း | မြင့်မား | နည်းပါး | မြင့်မား |
| ၁၃၈ | မယ်စဲ့ | မြင့်မား | မြင့်မား | မြင့်မား |
| ၁၃၉ | မရမ်းကုန်း | နည်းပါး | မရှိ | နည်းပါး |
| ၁၄၀ | မြင်းခြံ | မြင့်မား | နည်းပါး | နည်းပါး |
| ၁၄၁ | မြင်းမူ | မြင့်မား | မြင့်မား | မြင့်မား |
| ၁၄၂ | မြစ်ကြီးနား | နည်းပါး | မရှိ | နည်းပါး |
| ၁၄၃ | မြဝတီ | မြင့်မား | မြင့်မား | နည်းပါး |
| ၁၄၄ | မြိတ် | မြင့်မား | နည်းပါး | နည်းပါး |
| ၁၄၅ | မြိုင် | မြင့်မား | မြင့်မား | မြင့်မား |
| ၁၄၆ | မြို့သစ် | နည်းပါး | မရှိ | နည်းပါး |
| ၁၄၇ | မြေပုံ | နည်းပါး | မရှိ | နည်းပါး |
| ၁၄၈ | မြောက်ဥက္ကလာပ | နည်းပါး | မရှိ | နည်းပါး |
| ၁၄၉ | မြောက်ဦး | နည်းပါး | နည်းပါး | မြင့်မား |
| ၁၅၀ | မြောင် | မြင့်မား | မြင့်မား | နည်းပါး |
| ၁၅၁ | မြောင်းမြ | မြင့်မား | မရှိ | နည်းပါး |

| စဉ် | မြို့နယ်များ | လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း | လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပြင်းထန် သက်ရောက်မှု အညွှန်းကိန်း | ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း |
|---|---|---|---|---|
| ၁၅၂ | မလှိုင် | မြင့်မား | မရှိ | နည်းပါး |
| ၁၅၃ | မဟာအောင်မြေ | နည်းပါး | မရှိ | နည်းပါး |
| ၁၅၄ | မအူပင် | နည်းပါး | မရှိ | နည်းပါး |
| ၁၅၅ | မိတ္ထီလာ | နည်းပါး | မရှိ | နည်းပါး |
| ၁၅၆ | မိုးကုတ် | မြင့်မား | မရှိ | နည်းပါး |
| ၁၅၇ | မိုးကောင်း | နည်းပါး | မရှိ | နည်းပါး |
| ၁၅၈ | မိုင်းကိုင် | နည်းပါး | နည်းပါး | နည်းပါး |
| ၁၅၉ | မိုင်းတုံ | နည်းပါး | နည်းပါး | နည်းပါး |
| ၁၆၀ | မိုင်းယန်း | မြင့်မား | မရှိ | နည်းပါး |
| ၁၆၁ | မိုးညှင်း | နည်းပါး | နည်းပါး | နည်းပါး |
| ၁၆၂ | မိုးမိတ် | မြင့်မား | နည်းပါး | နည်းပါး |
| ၁၆၃ | မိုးမောက် | နည်းပါး | နည်းပါး | နည်းပါး |
| ၁၆၄ | မုံရွာ | မြင့်မား | နည်းပါး | နည်းပါး |
| ၁၆၅ | မူဆယ် | မြင့်မား | မြင့်မား | နည်းပါး |
| ၁၆၆ | မောက်မယ် | မြင့်မား | မရှိ | နည်းပါး |
| ၁၆၇ | မောင်တော | နည်းပါး | နည်းပါး | နည်းပါး |
| ၁၆၈ | မော်လမြိုင် | နည်းပါး | မရှိ | နည်းပါး |
| ၁၆၉ | မော်လိုက် | မြင့်မား | နည်းပါး | နည်းပါး |
| ၁၇၀ | ယင်းမာပင် | မြင့်မား | မြင့်မား | မြင့်မား |
| ၁၇၁ | ရပ်စောက် | နည်းပါး | နည်းပါး | နည်းပါး |

| စဉ် | မြို့နယ်များ | လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း | လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပြင်းထန် သက်ရောက်မှု အညွှန်းကိန်း | ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း |
|---|---|---|---|---|
| ၁၇၂ | ရမည်းသင်း | မြင့်မား | မရှိ | နည်းပါး |
| ၁၇၃ | ရွှေကျင် | မြင့်မား | မြင့်မား | နည်းပါး |
| ၁၇၄ | ရွှေကူ | မြင့်မား | နည်းပါး | နည်းပါး |
| ၁၇၅ | ရွှေတောင် | နည်းပါး | မရှိ | နည်းပါး |
| ၁၇၆ | ရွှေဘို | မြင့်မား | မြင့်မား | နည်းပါး |
| ၁၇၇ | ရှာငံ | မြင့်မား | မရှိ | နည်းပါး |
| ၁၇၈ | ရသေ့တောင် | မြင့်မား | နည်းပါး | မြင့်မား |
| ၁၇၉ | ရှားတော | မြင့်မား | မြင့်မား | မြင့်မား |
| ၁၈၀ | ရေး | မြင့်မား | မရှိ | နည်းပါး |
| ၁၈၁ | ရေစကြို | မြင့်မား | မြင့်မား | နည်းပါး |
| ၁၈၂ | ရေတာရှည် | မြင့်မား | နည်းပါး | နည်းပါး |
| ၁၈၃ | ရေနံချောင်း | မြင့်မား | မရှိ | နည်းပါး |
| ၁၈၄ | ရေဖြူ | မြင့်မား | နည်းပါး | နည်းပါး |
| ၁၈၅ | ရေဦး | မြင့်မား | မြင့်မား | နည်းပါး |
| ၁၈၆ | လက်ပံတန်း | မြင့်မား | မရှိ | နည်းပါး |
| ၁၈၇ | လပွတ္တာ | မြင့်မား | မရှိ | နည်းပါး |
| ၁၈၈ | လှိုင်ကော် | မြင့်မား | မြင့်မား | မြင့်မား |
| ၁၈၉ | လှိုင်လင် | နည်းပါး | နည်းပါး | နည်းပါး |
| ၁၉၀ | လှိုင်သာယာ | နည်းပါး | မရှိ | နည်းပါး |
| ၁၉၁ | လားရှိုး | မြင့်မား | နည်းပါး | နည်းပါး |

| စဉ် | မြို့နယ်များ | လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း | လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပြင်းထန် သက်ရောက်မှု အညွှန်းကိန်း | ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း |
|---|---|---|---|---|
| ၁၉၂ | လောက်ကိုင် | မြင့်မား | မြင့်မား | မြင့်မား |
| ၁၉၃ | လောင်းလုံး | မြင့်မား | နည်းပါး | နည်းပါး |
| ၁၉၄ | လဲချား | မြင့်မား | နည်းပါး | နည်းပါး |
| ၁၉၅ | ဝက်လက် | မြင့်မား | မြင့်မား | နည်းပါး |
| ၁၉၆ | ဝန်းသို | မြင့်မား | မြင့်မား | နည်းပါး |
| ၁၉၇ | ဝိုင်းမော် | မြင့်မား | နည်းပါး | နည်းပါး |
| ၁၉၈ | ဝေါ | မြင့်မား | မရှိ | နည်းပါး |
| ၁၉၉ | သံတောင်ကြီး | မြင့်မား | နည်းပါး | မြင့်မား |
| ၂၀၀ | သထုံ | နည်းပါး | နည်းပါး | မြင့်မား |
| ၂၀၁ | သနပ်ပင် | မြင့်မား | မရှိ | နည်းပါး |
| ၂၀၂ | သပိတ်ကျင်း | မြင့်မား | နည်းပါး | နည်းပါး |
| ၂၀၃ | သံဖြူဇရပ် | မြင့်မား | နည်းပါး | နည်းပါး |
| ၂၀၄ | သရက် | မြင့်မား | မရှိ | မြင့်မား |
| ၂၀၅ | သရက်ချောင်း | မြင့်မား | နည်းပါး | နည်းပါး |
| ၂၀၆ | သာကေတ | နည်းပါး | မရှိ | နည်းပါး |
| ၂၀၇ | သာစည် | မြင့်မား | မရှိ | နည်းပါး |
| ၂၀၈ | သာယာဝတီ | မြင့်မား | မရှိ | မြင့်မား |
| ၂၀၉ | သိန္နီ | မြင့်မား | နည်းပါး | မြင့်မား |
| ၂၁၀ | သီပေါ | မြင့်မား | နည်းပါး | နည်းပါး |
| ၂၁၁ | သုံးခွ | နည်းပါး | မရှိ | နည်းပါး |

| စဉ် | မြို့နယ်များ | လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း | လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပြင်းထန် သက်ရောက်မှု အညွှန်းကိန်း | ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြင်းထန်သက်ရောက်မှု အညွှန်းကိန်း |
|---|---|---|---|---|
| ၂၁၂ | ဟားခါး | နည်းပါး | မြင့်မား | နည်းပါး |
| ၂၁၃ | ဟိုပန် | မြင့်မား | မရှိ | မြင့်မား |
| ၂၁၄ | ဟိုပုံး | နည်းပါး | နည်းပါး | နည်းပါး |
| ၂၁၅ | ဟုမ္မလင်း | မြင့်မား | နည်းပါး | နည်းပါး |
| ၂၁၆ | အင်ဂျန်းယန် | နည်းပါး | နည်းပါး | မြင့်မား |
| ၂၁၇ | အင်းတော် | မြင့်မား | နည်းပါး | မြင့်မား |
| ၂၁၈ | အမရပူရ | နည်းပါး | မရှိ | နည်းပါး |
| ၂၁၉ | အရာတော် | မြင့်မား | နည်းပါး | နည်းပါး |
| ၂၂၀ | အုတ်တွင်း | နည်းပါး | မရှိ | နည်းပါး |
| ၂၂၁ | အောင်မြေသာစံ | နည်းပါး | မရှိ | နည်းပါး |

SCAN THIS CODE

စစ်ဆင်ရေး ၁၀၂၇
လမ်းများအားလုံး လောက်ကိုင်သို့လား၊ နေပြည်တော်ဆီလား

ISP On Point အမှတ်-၁၇

SCAN THIS CODE

စစ်ဆင်ရေး ၁၀၂၇
တရုတ်လိုလားသော တည်ငြိမ်မှုမျှခြေနှင့် မမျှော်မှန်းနိုင်သည့်အန္တရာယ်

ISP On Point အမှတ်-၁၈

# အညွှန်းကိန်းသတ်မှတ်ခြင်း နည်းစနစ်

ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ် (ACDCS) ဖြင့် စုစည်းထားသော ဒေတာအချက်အလက်များအရ အာဏာသိမ်းမှုအလွန် သုံးနှစ်နီးပါးကြာလာချိန်တွင် (အနည်းဆုံး တကြိမ်နှင့်အထက် အပြန်အလှန်ပစ်ခတ်) တိုက်ပွဲဖြစ်ပွားခဲ့သည့် မြို့နယ် ၂၂၃ မြို့နယ် (နိုင်ငံအနှံ့ မြို့နယ်စုစုပေါင်း၏ ၆၇ ရာခိုင်နှုန်း) ရှိခဲ့ပါသည်။ အဆိုပါ မြို့နယ် ၂၂၃ မြို့နယ်အား အညွှန်းကိန်းသုံးခုဖြင့် လေ့လာခြင်းကို ISP-Myanmar က ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့သည်။ အညွှန်းကိန်းသတ်မှတ်ခြင်း နည်းစနစ်အကျဉ်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) **လုံခြုံရေးဆိုင်ရာအညွှန်းကိန်း** (Security Index) ကို သတ်မှတ်ရာတွင် မြို့နယ်တခုချင်းစီ၌ အနည်းဆုံး တကြိမ်နှင့်အထက် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ခဲ့သော လက်နက်ကိုင်တိုက်ပွဲ အရေအတွက်ကို အခြေခံ တွက်ချက်ပါသည်။ အထူးသဖြင့် အာဏာသိမ်းမှုအလွန် သုံးနှစ်နီးပါးကာလအတွင်း ဖြစ်ခဲ့သည့် တိုက်ပွဲ အကြိမ်ရေနှင့် သက်ရောက်မှုများကို မြို့နယ်တခုချင်းစီအလိုက် ရာခိုင်နှုန်းအခြေပြုပြီး နှိုင်းယှဉ်ချိန်ထိုး၍ 'ပြင်းထန်သက်ရောက်မှုမြင့်မား'နှင့် 'ပြင်းထန်သက်ရောက်မှုနည်းပါး'ဟူ၍ ခွဲခြားသတ်မှတ်ပါသည်။

(၂) **လူသားချင်းစာနာမှုဆိုင်ရာအကျပ်အတည်းအညွှန်းကိန်း** (Humanitarian Crisis Index) ကို သတ်မှတ်ရာတွင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ မြို့နယ်တခုချင်းစီတွင်ရှိနေသော နေရပ်စွန့်ခွာစစ်ပြေးဒုက္ခသည် အရေအတွက်နှင့် အဆိုပါမြို့နယ်တွင်ရှိသော လူဦးရေကိုအခြေခံ၍ တွက်ချက်ပါသည်။ မြို့နယ်တခုချင်းစီတွင် ရှိသော လူဦးရေစုစုပေါင်း၊ စစ်ပြေးဒုက္ခသည်အရေအတွက်နှင့် သက်ရောက်မှုများကို မြို့နယ်တခုချင်းစီအလိုက် ရာခိုင်နှုန်းအခြေပြုပြီး နှိုင်းယှဉ်ချိန်ထိုး၍ 'ပြင်းထန်သက်ရောက်မှုမြင့်မား'နှင့် 'ပြင်းထန်သက်ရောက်မှုနည်းပါး' ဟူ၍ ခွဲခြားသတ်မှတ်ပါသည်။ သို့သော် အဆိုပါမြို့နယ်တွင် တိုက်ပွဲဖြစ်ပွားသော်လည်း အမြဲ နေရပ်စွန့်ခွာ ထွက်ပြေးနေရသော ဒုက္ခသည်မရှိပါက 'မရှိ'ဟု သတ်မှတ်ပါသည်။

(၃) **ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာအညွှန်းကိန်း** (Public Services Provision Index) ကို သတ်မှတ်ရာတွင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ မြို့နယ်တခုချင်းစီတွင် 'မြို့နယ်အလိုက် ရဲစခန်းဖွင့်ခြင်း ရှိ၊ မရှိ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးများ လည်ပတ်နိုင်ခြင်း ရှိ၊ မရှိ၊ လျှပ်စစ်မီးနှင့် ရေပေးဝေမှု စသော အခြေခံဝန်ဆောင်မှုများ ရှိ၊ မရှိနှင့် အစိုးရဝန်ထမ်းများ လစာ ရ၊ မရ'ဟူသော အချက်လေးချက်ကို အခြေခံ၍ တွက်ချက်ပါသည်။ ထိုအချက်များထဲမှ ရရှိလာသောအဖြေများကို ရမှတ်သတ်မှတ်ကာ နှိုင်းယှဉ်ချိန်ထိုး၍ 'ပြင်းထန်သက်ရောက်မှုမြင့်မား'နှင့် 'ပြင်းထန်သက်ရောက်မှုနည်းပါး'ဟူ၍ ခွဲခြားသတ်မှတ်ပါသည်။

ယခုဖော်ပြထားသည့် လေ့လာတွေ့ရှိချက် ရလဒ်များမှာ ယတိပြတ်အဖြေများမဟုတ်ဘဲ ကနဦးဖော်ပြချက်များသာဖြစ်ပါသည်။ ဒေတာအချက်အလက် အထောက်အထားသစ်များ ပေါ်ထွက်လာသည်နှင့်အမျှ ဖြည့်စွက်မှုများ ပြုလုပ်သွားရန်ရှိပါသည်။

www.ISPMyanmar.com/community

# ISP Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202